ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့၊ Thursday, 7 September 2017 (၉၀၄၀)

# နယ်စပ်ခြံစည်းရိုး အမြန်ဆုံးကာရန် လိုအပ်သည့်ဘဏ္ဍာငွေကို နိုင်ငံတော်အစိုးရက ချက်ချင်းဖြည့်ဆည်းပေးမည်



နေပြည်တော် စက်တင်ဘာ ၆

ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၅ ကော်လံ ၁ သို့

## ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ ခိုင်မာသည့်ရပ်တည်ချက်အပေါ် ကျေးဇူးတင်ရှိ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြေပြင်နှင့်ပင်လယ်ရေကြောင်းနယ်နိမိတ် လက်တွဲစောင့်ရှောက်ရေးနှင့် မြန်မာနိုင်ငံသားများအတွက် အခမဲ့ဗီဇာပေးမှုအစီအစဉ် စတင်တော့မည်

အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်မှန်များကို နိုင်ငံတကာသို့ အသိပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များတွင် မီဒီယာများပါဝင်ပတ်သက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။**



ကြေးမုံ

# သတိပြုဆင်ခြင် မျှဝေအသိပေး

ဆိုရှယ်မီဒီယာဟုခေါ်တွင်သည့် လူမှုကွန်ရက်စာမျက်နှာကို Facebook, Twitter, You Tube စသည်တို့တွင် တွင်တွင်ကျယ်ကျယ်အသုံးပြုလေ့ရှိသည်။ အသုံးပြုမှုများသလို ကမ္ဘာတစ်လွှားမှ ဝင်ရောက်ကြည့်ရှုသူများမှာလည်း အချိန်နှင့်အမျှ အပြောက်အမြားရှိသည်။ ထိုအခါ အဆိုပါသတင်းစာမျက်နှာများ၏ ကောင်းမွေ၊ ဆိုးမွေအကျိုးသက်ရောက်မှုများလည်း ချက်ချင်းဆိုသလိုဖြစ်ပေါ်လာသည်။ ထို့ကြောင့် အဆိုပါ ဆိုရှယ်မီဒီယာကို အသုံးပြုကြသူများရော ကြည့်ရှုသူများပါ သတိမူလေ့လာသုံးသပ်ဆုံးဖြတ်နိုင်ရန်လိုအပ်သည်ဟု ယူဆပါသည်။

ဆိုရှယ်မီဒီယာများပေါ်တွင် အသိပညာဗဟုသုတပေးသည့် ကောင်းသတင်းများသည်ပင် အချက်အလက်မှန်ကန်တိကျခိုင်မာဖို့ လိုအပ်ပေသည်။ အချက်အလက်မှားယွင်းခဲ့ပါက အနက်ကောက်လွဲခြင်း၊ ပြန်လည်အသုံးပြုမှုမှားယွင်းခြင်း၊ အထောက်အထားအကိုးအကား မှန်ကန်မှုမရှိခြင်းစသည့်ရလဒ်များကို ဖြစ်စေပါသည်။ သတင်းကိုမျှဝေအသိပေးရာ၌ အနိဋ္ဌာရုံသတင်းများဖြစ်လျှင် ကောင်းကျိုးထက် ဆိုးကျိုးများရှိနိုင်သည်ကို ဆင်ခြင်တွေးတောကြည့်သင့်ပါသည်။

မကြာသေးမီက အခြားနိုင်ငံများတွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်၊ သတင်း၊ သတင်းဓာတ်ပုံနှင့် ရုပ်သံများအား မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသယောင် သတင်းမှားများဖြန့်ချိနေသည်ကို တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက အသိပေးထားသလို ဆိုရှယ်မီဒီယာများပေါ်တွင်လည်း မြင်တွေ့လိုက်ရပါသည်။ အဆိုပါသတင်းမှားကို အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံ၏ ဒုတိယအကြီးအကဲတစ်ဦးက လူမှုကွန်ရက် Twitter တွင်တင်၍ မဟုတ်မမှန်သတင်းများ တစ်ဆင့်ဖြန့်ဝေခဲ့ရာ အမှန်သိရှိသူ၊ ကြည့်မိသူများက မဟုတ်မမှန်ကြောင်းပြောကြားကြပြီး သက်ဆိုင်ရာတာဝန်ရှိသူကို ခေါ်ယူအသိပေးမှသာ မှားယွင်းတင်မိကြောင်း ပြန်လည်ဖော်ပြ၍ သတင်းမှားကိုဖြုတ်ချခဲ့ရသည်။

ထို့အတူ သတင်းဌာနတစ်ခုကလည်း ရခိုင်ဒေသသတင်းများရေးသားရာတွင် ဓာတ်ပုံမှားယွင်းဖော်ပြခဲ့သဖြင့် မှားယွင်းကြောင်း ဝန်ခံရှင်းလင်းခဲ့ရပြီး သတင်းဓာတ်ပုံအမှန်ကို ပြန်လည်ဖော်ပြခဲ့ရသည့် ဖြစ်စဉ်များဖြစ်ပွားခဲ့သည်။ အခြားသတင်းဌာနများအနေဖြင့်လည်း ထိလွယ်ရှလွယ်သည့် အသုံးအနှုန်းများကို အသုံးပြုနေဆဲဖြစ်သည်ကို တွေ့ရသည်။ မှားယွင်းဖော်ပြခဲ့မှုများသည် စိတ်ခံစားမှုနှင့်လုပ်ရိုးလုပ်စဉ်သဘောဖြစ်သော်လည်း မမှန်ကန်သည့်သတင်းများကို ဖြန့်ဝေပေးခဲ့သည့်အတွက် သက်ဆိုင်ရာနိုင်ငံ၊ အဖွဲ့အစည်းနှင့် ပြည်သူများအနေဖြင့်မူ များစွာထိခိုက်နစ်နာမှုကို ဖြစ်စေခဲ့သည်။ ထို့ကြောင့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းများဖြန့်ဝေရာ၌ မှန်၊ မမှန် အထပ်ထပ်စိစစ်ပြီးမှ ဖြန့်ဝေရန်နှင့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှသတင်းများကို မှန်၊ မမှန် ဆင်ခြင်သုံးသပ်ကာ လေ့လာကြည့်ရှုကြဖို့ တိုက်တွန်းချင်ပါသည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်၌ သတင်းများကိုမျှဝေရာတွင် သာမန်ပြည်သူများအနေဖြင့် သတင်းပိုင်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကိုနားမလည်ဘဲ အလွယ်တကူမျှဝေမိတတ်ကြပါသည်။ သတင်းမှန်သည်ဆိုသော်လည်း ထိလွယ်ရှလွယ်သည့်သတင်း၊ တစ်ဖက်သားနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းများကို ထိခိုက်နာကျင်စေနိုင်သော သတင်းနှင့် ဓာတ်ပုံများအား အလွယ်တကူမျှဝေမှုကို သတိပြုဆင်ခြင်ရန် လိုအပ်ပါသည်။ သတင်းဌာနများအနေဖြင့်မူ ပို၍ သတိထားဆင်ခြင်ကြရမည်ဖြစ်ပါသည်။

အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာများသည် လူ့ဘောင်လောကအတွင်း ပိုမိုပျံ့နှံ့မှုလွယ်ကူသဖြင့် မှန်ကန်သောသတင်းဖြစ်ရေး၊ မှန်ကန်သောသတင်းဖြစ်သော်လည်း နှစ်ဖက်လူ့အသိုင်းအဝိုင်းကို ပိုမိုထိခိုက်လာနိုင်သော သတင်းမဖြစ်ရေး အထူးသတိထားကြရမည်ဖြစ်သည်။ အရာရာသည် သတင်းဖြစ်နိုင်သော်လည်း သတင်းဖြစ်တိုင်းလည်း ဖော်ပြရန်သင့်၊ မသင့် ဝေဖန်စဉ်းစားဆုံးဖြတ်ကြဖို့လိုအပ်ပါသည်။

မျက်မှောက်ကာလကဲ့သို့ ထိလွယ်ရှလွယ်၊ ထိခိုက်ခံစားလွယ်သော အချိန်ကာလတွင် သတင်းတိုင်းကို ပြန်လည်မျှဝေရာ၌ အထူးသတိထားဆင်ခြင်မျှဝေသင့်ပါကြောင်း အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

# အရှေ့အာရှနှင့် လက်တင်အမေရိကဒေသ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ရန်ပုံငွေသို့ ကိုရီးယားသမ္မတနိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်း ထည့်ဝင်မည်




**ဘူဆန် စက်တင်ဘာ ၆**

အရှေ့အာရှနှင့် လက်တင်အမေရိကဒေသပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The Forum for East Asia – Latin America Cooperation) ရန်ပုံငွေတစ်ရပ် တည်ထောင်မည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံက ယခုနှစ်တွင် အမေရိကန်ဒေါ်လာတစ်သန်း ထည့်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက်က ကိုရီးယားနိုင်ငံ ဘူဆန်မြို့ Nurimaru APEC House တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိကဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဒေသနှစ်ခုအကြား ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်ကဏ္ဍများ ပိုမိုချဲ့ထွင်လာနိုင်စေရန် ရည်ရွယ်လျက် (၈)ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့သည်။

အရှေ့အာရှနှင့် လက်တင်အမေရိကဒေသ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The Forum for East Asia-Latin America Cooperation) ၏ ရန်ပုံငွေများကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကဏ္ဍ၊ သိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် မညီမျှမှုများကို လျှော့ချရေးအတွက် အများပြည်သူဆိုင်ရာ မူဝါဒချမှတ်ရေးကဏ္ဍများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Kang Kyung - wha က (၈)ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိကဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

"အရှေ့အာရှနှင့် လက်တင်အမေရိကဒေသ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (East Asia - Latin America Cooperation ) ရန်ပုံငွေထဲကို ကိုရီးယားသမ္မတနိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်း ထည့်ဝင်သွားမှာဖြစ်ပါတယ်။ ကော်စတာရီကာ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ ပနားမား၊ လာအိုနဲ့ ထိုင်းနိုင်ငံတို့ကလည်း ရန်ပုံငွေ ထည့်ဝင်မယ်လို့ ပြောကြားထားကြပြီး အခြားအဖွဲ့ဝင်နိုင်ငံတွေကလည်း ထည့်ဝင်လိုကြပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီး H.E.Kang Kyung – wha က ဆိုသည်။

အရှေ့အာရှနှင့် လက်တင်အမေရိကဒေသ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အရှေ့အာရှမှ ၁၆ နိုင်ငံ၊ လက်တင်အမေရိကမှ နိုင်ငံ ၂၀ ပါဝင်ပြီး ဒေသကြီးနှစ်ခုအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအပါအဝင် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

"FELAC ရဲ့ အရေးကြီးတဲ့ နောက်ထပ် အောင်မြင်မှုတစ်ခုက ( New FEALAC Action Plan ) ပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းစီမံချက်မှာ ပုဂ္ဂလိက၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အတူလက်တွဲလုပ်ဆောင်ရမယ့် အကြောင်းအရာတွေ ပါဝင်နေပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီး H.E.Kang Kyung - wha က ထပ်လောင်းပြောကြားသည်။

အဆိုပါအစည်းအဝေးမှ (BUSAN DECLARATION) ဘူဆန်သဘောတူညီချက်ကိုလည်း ထုတ်ပြန်နိုင်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသကြီးနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်သွက်လက်လာစေရေးနှင့် ပညာရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် လူမှုကွန်ရက်များတွင် ဆိုက်ဘာအလွဲသုံးစားမှုဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ဆွေးနွေးခဲ့သည်။

အရှေ့အာရှနှင့် လက်တင်အမေရိကဒေသနှစ်ခုကြား ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(FEALAC)သည် အလားအလာကောင်းကို ပိုင်ဆိုင်ထားပြီး အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါအလားအလာကောင်းများကို လက်တွေ့အဖြစ် ပြောင်းလဲနိုင်ရန် တစ်ပြိုင်တည်း ဖန်တီးလုပ်ဆောင်ကြရန်လည်း ဖွင့်ပွဲအခမ်းအနားမိန့်ခွန်းတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Kang Kyung - wha က ထည့်သွင်းပြောကြားခဲ့သည်။

(၈)ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဖိုရမ်ကို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့တွင် ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ (၉)ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၉ ခုနစ်တွင် လက်တင်အမေရိကဒေသ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-နန္ဒာဝင်း**
**ဓာတ်ပုံ- တာရာ**

## ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကျင်းပ

**မင်းတပ် စက်တင်ဘာ ၆**။ ။ချင်းပြည်နယ် မင်းတပ်မြို့၌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပခဲ့သည်။ ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးက ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၈၅၀၀ မန္တလေး(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၅ ကျပ်၊ | ၈၁၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၀၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၅ ကျပ်၊ | ၇၁၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀/၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၀. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၉၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉. ၉၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၉၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၀. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၉၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၉. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် နှစ်နိုင်ငံကြား သဘောတူညီချက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။

❐ **ရှေ့ဖုံးမှ**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Shri Vikram Misri လည်း တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ ဦးဆောင်သည့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ တွေ့ဆုံပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဆက်လက်ကျင်းပသည်။

နှစ်နိုင်ငံတွေ့ဆုံပွဲတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ် ကျင့်သုံးမှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် နယ်စပ်ရေးရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် ဦးဝင်းခိုင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဦးမင်းသူ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်မိုးအောင်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့၏ရှေ့မှောက်တွင် နှစ်နိုင်ငံအကြား ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းရည်မြှင့်တင်ရေး၊ ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် အဓိကကျသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့သည် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အရေးကြီးမှု၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့ အပြန်အလှန် အမှီပြုနေမှု၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ ခိုင်မာသည့် ရပ်တည်ချက်အပေါ် ကျေးဇူးတင်ရှိမှု၊ နှစ်နိုင်ငံအကြား နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာအောင် လုပ်ဆောင်ရေး၊ အနာဂတ်တွင် ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ ဂုဏ်သိက္ခာနှင့် ဒီမိုကရေစီတန်ဖိုး ရရှိနိုင်ရေး ကူညီပေးနိုင်မှု၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် သတင်းမီဒီယာကောင်စီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးအတွက် မြေပြင်နယ်နိမိတ်နှင့် ပင်လယ်ရေကြောင်း နယ်နိမိတ်အား ကာကွယ်စောင့်ရှောက်ရာတွင် နှစ်နိုင်ငံ လက်တွဲဆောင်ရွက်ရေး၊ ကုလားတန်စီမံကိန်း၊ စစ်တွေဆိပ်ကမ်းနှင့် ပလက်ဝဆိပ်ခံတံတားများ ဆောင်ရွက်ပြီးစီးမှု၊ ဘက်စုံပါဝင်သည့် ဖွံ့ဖြိုးရေးမိတ်ဖက်ဆောင်ရွက်ချက်အရ အဆင့်မြင့်ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးနှင့် သုတေသနနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု၊ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသားများအတွက် အခမဲ့ဗီဇာပေးအပ်ရေးနှင့် အိန္ဒိယအကျဉ်းထောင်များတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား ၄၀ အား လွှတ်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေအိမ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

### မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆု ရွှေညောင်မြေ မောင်စန်းမြင့် ရေးသားသည့် **“မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်း ပျိုးခဲ့တယ်”** စာအုပ်ကို စာအုပ်အသင်း၏ (၁၄၇) အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။**(ကြေးမုံ)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေအိမ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

# အိန္ဒိယဝန်ကြီးချုပ် ပုဂံအာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုပြီး ရန်ကုန်မြို့၌ အိန္ဒိယနွယ်ဖွား မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အတူ ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ရှိ Archaeological Survey of India (ASI)၏ ကြီးကြပ်မှုဖြင့် မြန်မာနှင့် အိန္ဒိယ ရှေးဟောင်းသုတေသနပညာရှင်များ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသည့် အာနန္ဒာဘုရားသို့ ရောက်ရှိကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အထိမ်းအမှတ်မော်ကွန်းကို ဖွင့်လှစ်ပေးကာ အာနန္ဒာဘုရားအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Aureum Palace Resort သို့ ရောက်ရှိကြပြီး နန်းမြင့်မျှော်စင်မှ ပုဂံမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ညောင်ဦးလေဆိပ်မှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ညပိုင်းတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ အိန္ဒိယနွယ်ဖွား မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရှိ အိန္ဒိယနွယ်ဖွား လူငယ်မောင်မယ်များနှင့် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီရှိ နိုင်ငံတကာယဉ်ကျေးမှု ဆက်ဆံရေးကောင်စီမှ အနုပညာရှင်များက အနုပညာအကတို့ဖြင့် ကပြဖျော်ဖြေကြပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နိုင်ငံတော်သီချင်းကို ဂုဏ်ပြုဖွင့်လှစ်၍ အလေးပြုသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အိန္ဒိယနွယ်ဖွား မြန်မာနိုင်ငံသားများအား နှုတ်ခွန်းဆက်အမှာစကား ချီးမြှင့်ပြောကြားခဲ့သည်။ **(သတင်းစဉ်)**




**အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ပုဂံမြို့ရှိ အာနန္ဒာဘုရားအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။** (ယာပုံ)




**အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ အိန္ဒိယနွယ်ဖွား မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (အောက်ပုံ)

# တပ်မတော်(လေ)မှ ရဟတ်ယာဉ်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အား ကျော်လွန်ပျံသန်းခဲ့မှုမရှိကြောင်း သိရ

**နေပြည်တော် စက်တင်ဘာ ၆**

တပ်မတော်(လေ)မှ ရဟတ်ယာဉ်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အား ကျော်လွန်ပျံသန်းခဲ့ကြောင်း စွပ်စွဲချက်မှာ မဟုတ်မှန်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ရဟတ်ယာဉ်သည် စက်တင်ဘာ ၁ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးကြိမ် ကျော်လွန်ပျံသန်းခဲ့ကြောင်းနှင့် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့ကလည်း လေကြောင်းပိုင်နက်ကျော်လွန် ပျံသန်းခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ကန့်ကွက်စာတစ်စောင် ပေးပို့ခဲ့ကြောင်း။

အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်တင်ဘာ ၁ ရက်က တပ်မတော်(လေ)မှ ခရီးစဉ်ပျံသန်းခဲ့သည့် ရဟတ်ယာဉ်များကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ လေသူရဲ၏ GPS Track Log အရ နယ်စပ်မျဉ်းနှင့် မီတာ ၅၀၀ အကွာအဝေးတွင်သာ ပျံသန်းခဲ့ကြောင်း၊ အလားတူ ဩဂုတ် ၂၇ ရက်တွင် ရဟတ်ယာဉ်ပျံသန်းခဲ့သည့် လမ်းကြောင်းများအရ နယ်နိမိတ်မျဉ်း၏ သုည ဒသမ ၄ မိုင်အကွာတွင်သာ အတက်/အဆင်း ပြုလုပ်ခဲ့သဖြင့် နယ်နိမိတ်အား ကျော်လွန်ပျံသန်းခဲ့ခြင်းမရှိကြောင်းနှင့် ဩဂုတ် ၂၈ ရက်တွင်လည်း တပ်မတော်(လေ)မှ ရဟတ်ယာဉ်များဖြင့် နယ်နိမိတ်မျဉ်းအနီး ပျံသန်းခဲ့ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကန့်ကွက်မှုနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်ဇော်ဦးကလည်း ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ တာဝန်ရှိသူများထံ ရှင်းလင်းခဲ့ပြီး သံတမန်နည်းလမ်းအရ ဖြေရှင်းခဲ့ပြီးဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စွပ်စွဲခဲ့မှုအပေါ် တပ်မတော်(လေ)မှ ရဟတ်ယာဉ်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်စပ်သို့ ကျော်လွန်ပျံသန်းခဲ့မှုမရှိခဲ့သည်ကို အများပြည်သူအထင်မြင်လွဲမှားမှုမရှိစေရန် သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏အမြင့်ဆုံး ခါကာဘိုရာဇီရေခဲတောင်ထိပ်သို့ မြန်မာနိုင်ငံသားသုံးဦး ထပ်မံတက်ရောက်မည်

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့်အပြင် အရှေ့တောင်အာရှတွင်လည်း အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်သည့် ခါကာဘိုရာဇီရေခဲတောင်ထိပ်သို့ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသားများ သီးသန့်ထပ်မံတက်ရောက်မည်ဟု ယနေ့ နံနက် ၁၀ နာရီက ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့သော ခါကာဘိုရာဇီတောင်တက်ခရီးစဉ် သတင်းစာရှင်းလင်းပွဲနှင့် ပံ့ပိုးကူညီငွေပေးအပ်ခြင်း အခမ်းအနားမှ သိရသည်။

ယင်းခရီးစဉ်သည် ထူးကုမ္ပဏီများအုပ်စု၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ကိုယ်စား ၂၀၁၆ ခုနှစ်က ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သော ကိုပြည့်ဖြိုးအောင်၊ ၂၀၁၄ ခုနှစ်က သဘာဝခေါ်သံဖောင်ဒေးရှင်း၏ ခါကာဘိုရာဇီတောင်တက်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သူ ကိုဇော်ဇင်ခိုင်နှင့် နည်းပညာပိုင်းဆိုင်ရာ တောင်တက်ခြင်း အတွေ့အကြုံများစွာရှိသူ ကိုအောင်ခိုင်မြင့်တို့ သုံးဦးက ခါကာဘိုရာဇီရေခဲတောင်ထိပ်သို့ တက်ရောက်မည်ဖြစ်သည်။

တက်ရောက်ရခြင်းမှာ ခါကာဘိုရာဇီရေခဲတောင်၏ အမြင့်ပေအမှန်ကို တိုင်းတာနိုင်ရန်နှင့် ပူတာအိုဒေသအခြေပြု သဘာဝခရီးသွားလုပ်ငန်းတိုးတက်မြင့်မားလာစေရန်ရည်ရွယ်ပြီး တက်ရောက်စဉ်အတွင်း ဒေသခံကျေးရွာ ၁၈ ရွာရှိ တိုင်းရင်းသားပြည်သူများအတွက် ရိုးရာဝတ်စုံများ လှူဒါန်းပေးသွားနိုင်စေရန် ရည်ရွယ်သည်ဟု သိရသည်။

အဆိုပါအခမ်းအနားတွင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး မြန်မာနိုင်ငံတောင်တက်အသင်းနာယက ဦးဇော်အေးမောင်က အမှာစကားပြောကြားခဲ့ပြီး ထူးဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် ဦးပေါ်မြင့်ဦးက တောင်တက်အဖွဲ့အား ပံ့ပိုးကူညီရခြင်း ရည်ရွယ်ချက်အား ပြောကြားခဲ့သည်။ ယင်းနောက် ခါကာဘိုရာဇီတောင်တက်ရန် နီပေါနိုင်ငံတွင် အကြိုလေ့ကျင့်မှုသင်တန်းအတွက် ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက တောင်တက်အဖွဲ့အား အမေရိကန်ဒေါ်လာ ၃၅၀၀၀ ပေးအပ်ခဲ့ပြီး First National Insurance မှလည်း တောင်တက်သမားသုံးဦးအတွက် တစ်ဦးလျှင် သိန်းတစ်ရာတန်ဖိုးရှိ ကိုယ်အင်္ဂါထိခိုက်မှုအာမခံများ ပေးအပ်ခဲ့ကြသည်။

တောင်တက်အဖွဲ့သည် ခါကာဘိုရာဇီရေခဲတောင်သို့ မတက်ရောက်မီ အကြိုလေ့ကျင့်မှုများအဖြစ် ခါကာဘိုရာဇီတောင်ထိပ်ထက် အမြင့်ပေပိုမိုသည့် နီပေါနိုင်ငံရှိ အမြင့်မီတာ ၆၀၀၀ ကျော်ရှိသော Ama Dablam တောင်တွင်လည်း လေ့ကျင့်မှုများပြုလုပ်သွားမည်ဟု သိရသည်။

ခါကာဘိုရာဇီရေခဲတောင်ကို ၁၉၂၃ ခုနှစ်က မစ္စတာပတ်တာ ဦးဆောင်သော အိန္ဒိယမြေတိုင်းအဖွဲ့မှ ပထမဆုံးတွေ့ရှိခဲ့ပြီး အနီးသို့ရောက်ရှိရန် ခက်ခဲသဖြင့် အဝေးမှသာတိုင်းထွာခဲ့သည်။ ယင်းတိုင်းထွာချက်အရ အမြင့်ပေ ၁၉၂၉၆ ပေရှိသည်ဟု ယနေ့တိုင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သဘာဝခေါ်သံဖောင်ဒေးရှင်းမှ တောင်တက်သမားနှစ်ဦးဖြစ်သည့် အောင်မြင့်မြတ်နှင့် ဝေယံမင်းသူတို့နှစ်ဦး တက်ရောက်နိုင်ခဲ့သော်လည်း ပြန်ရောက်မလာခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်သည်။ ၎င်းတို့ပေးပို့ခဲ့သော အချက်အလက်များအရ ခါကာဘိုရာဇီရေခဲတောင်သည် ၁၉၂၃၁ ပေသာရှိသည်ဟု သိရသည်။ **(ခင်ဇာလီ)**

## ပြည်တွင်းရေးရာ

❂ နယ်စပ်ခြံစည်းရိုးမှ

အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ဒုတိယဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံအတွက် အရေးကြီးသည့်အချိန်တွင် တာဝန်ရှိသူများ ယခုလိုတွေ့ဆုံခြင်းသည် နိုင်ငံအတွက် အကျိုးရှိကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးအနေဖြင့် "ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုသတင်းနှင့် မလိုလားအပ်သောပဋိပက္ခများမဖြစ်ပေါ်ရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်" ခေါင်းစဉ်ဖြင့် မလိုလားအပ်သည့်ပဋိပက္ခများ မဖြစ်ပေါ်စေရန် သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ သတင်းထုတ်ပြန်ခဲ့ခြင်းကြောင့် ပြည်သူများအနေဖြင့် ကြိုတင်သတိရှိပြီး မလိုလားအပ်သည်များ ဖြစ်လာမည်ကိုကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ မဖြစ်စေရန် နိုင်ငံတော်ရှိ ထိပ်ပိုင်းပုဂ္ဂိုလ်များက လုံခြုံရေးအခြေအနေများကို အားလုံးဝိုင်းဝန်းပြီး ညှိနှိုင်းဆောင်ရွက်နေကြသည်ကို ပြည်သူများကို အသိပေးရန် လိုအပ်ကြောင်း။

ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို အသုံးချပြီး ယုံကြည်မှုအစွန်းရောက်သူများက ဆူပူမှုဖြစ်အောင် လုပ်မည်ဆိုသည့် အန္တရာယ်ကလည်း ရှိနေပြန်ကြောင်း၊ ယခင်ကလည်း ထိုသို့ဆူပူမှုများ ဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့ကြသည်များကို တွေ့နိုင်ကြောင်း၊ ဤသို့ အခြေအနေမျိုးတွင် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဟန့်တားပေးရန်လိုအပ်သည်ကို အလေးအနက်ထား ပြောလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် အကြမ်းဖက် တိုက်ခိုက်ခံရမှုဖြစ်စဉ်များအပေါ် လုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြီး ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေကြသည့် တိုင်းရင်းသားများနှင့် ဒေသတွင်းနေထိုင်သူများအား လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က နယ်စပ်ခြံစည်းရိုးပျက်စီးနေသည့်နေရာတွင် အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိရာ ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရန် ကျန်ရှိသည့်နေရာများကို အဆင့်မီလုံခြုံစွာ အမြန်ဆုံးကာရံခြင်းတို့ကို ချက်ချင်းဆောင်ရွက်ရန်၊ ခြံစည်းရိုးကာခြင်းအတွက် လိုအပ်သည့်ဘဏ္ဍာငွေအား နိုင်ငံတော်အစိုးရက ချက်ချင်းဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ နယ်စပ်ခြံစည်းရိုးလုံခြုံမှုအားနည်းသည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံလောက်စွာ တိုးမြှင့်ချထားရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုတွင် ပါဝင်သူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဘာသာ၊ လူမျိုးမခွဲခြားဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ရခိုင်ပြည်နယ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အကြမ်းဖက်မှုများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်သလို တစ်ဖက်တွင်လည်း ပြည်သူများ၏ စိုးရိမ်ကြောင့်ကြမှုများကို အခွင့်ကောင်းယူ၍ သွေးထိုးလှုံ့ဆော်မည့်သူများကို အချိန်မီ ဟန့်တားနိုင်ရေး၊ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားရန် မှာကြားလိုကြောင်း ပြောကြားပြီး အခမ်းအနားကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ ရှန်ဟိုင်းမြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီခွဲတွင် ရှန်ဟိုင်းမြို့ Long Yang Lu ဘူတာရုံရှိ (Shanghai Maglev Demonstration) သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူများက Shanghai Maglev ရထားစနစ်နှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် Maglev ရထားအား စီးနင်းလေ့လာကြသည်။

ထို့နောက် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရှန်ဟိုင်းမြို့ရှိ တရုတ်ကွန်မြူနစ်ပါတီ ပထမအကြိမ်မြောက် ညီလာခံကျင်းပသည့်နေရာသို့ ရောက်ရှိလေ့လာကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ရှန်ဟိုင်းမြို့ Shanghai Hong Qiao ဘူတာရုံမှ ရထားဖြင့် ဆက်လက်ထွက်ခွာကြပြီး ပေကျင်းမြို့သို့ ဒေသစံတော်ချိန် ည ၆ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# 2nd Meeting of ASEM Pathfinder Group on Connectivity အစည်းအဝေး ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၆**

အေဆမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် ဒေသအလိုက်အုပ်စုအစည်းအဝေးများနှင့် 2nd Meeting of ASEM Pathfinder Group on Connectivity အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ ကျင်းပသည်။

အေဆမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် ဒေသအလိုက် အုပ်စုအစည်းအဝေးများကို နံနက် ၁၀ နာရီမှစတင်၍ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ သတ်မှတ်နေရာများ၌ ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် 2nd Meeting of ASEM Pathfinder Group on Connectivity အစည်းအဝေးကို အဆိုပါဌာနရှိ မြခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံအပါအဝင် အေဆမ် မိတ်ဖက်နိုင်ငံ ၅၁ နိုင်ငံ၊ အီးယူ၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် အာရှ-ဥရောပဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ညနေပိုင်းတွင် အေဆမ် အဆင့်မြင့်အရာရှိကြီးများအား ကြိုဆိုညစာခံပွဲကို အဆိုပါဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဘတ်ဂျက် ငွေကျပ် ၄၇ ဘီလီယံကျော် ထပ်တိုးသုံးစွဲရန် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အတည်ပြု

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရန်ကုန်တိုင်းဒေသကြီးအတွင်း ငွေကျပ် ၄၇ ဘီလီယံကျော် ထပ်တိုးသုံးစွဲရန် တင်ပြမှုကို တိုင်းဒေသကြီးလွှတ်တော်က စက်တင်ဘာ ၅ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကို ဩဂုတ် ၃၁ ရက်က စတင်ကျင်းပခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ယခုဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၄၇ ဘီလီယံ ထပ်တိုးသုံးစွဲရန် လျာထားကြောင်း လွှတ်တော်တွင် ရှင်းလင်းတင်ပြသွားခဲ့သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ယခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို လွှတ်တော်တွင် ရှင်းလင်းတင်ပြခဲ့ပြီး ထပ်တိုးလျာထားချက်တွင် လမ်းဖောက်လုပ်မှုများအပြင် တိုင်းဒေသကြီးအတွင်းရှိ ဗဟိုအဖွဲ့အစည်းများဖြစ်သည့် အစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဥပဒေချုပ်ရုံးများကလည်း တိုးတက်သုံးစွဲနိုင်ရန် လျာထားကြောင်း ဝန်ကြီးက တင်ပြသွားခဲ့သည်။

ယင်းအပေါ် စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် ငွေကျပ် ၄၇ ဘီလီယံကျော် ထပ်တိုးသုံးစွဲရန် လျာထားချက် တင်ပြမှုကိုဆွေးနွေးခဲ့ပြီး လွှတ်တော်က ယင်းကို အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သုံးစွဲရန် မူလက ဘဏ္ဍာငွေလျာထား ငွေကျပ် ၄၂၄ ဘီလီယံဖြစ်ပြီး ယခု ထပ်တိုးသုံးစွဲရန် လျာထားငွေ တင်ပြချက် ၄၇ ဒသမ ၆ ဘီလီယံ အတည်ပြုခဲ့သည့်အတွက် စုစုပေါင်း သုံးစွဲမည့်ငွေမှာ ကျပ် ၄၇၁ ဘီလီယံကျော်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# အကြမ်းဖက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အဓိကခြိမ်းခြောက်မှုဖြစ်ကြောင်း အသိအမှတ်ပြု

# အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် ဘက်လိုက်၍ ဆောင်ရွက်နေမှုများကို အဆုံးသတ်ရန် နိုင်ငံတကာအား တိုက်တွန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံထုတ်ပြန်သည့် ပူးတွဲကြေညာချက်

**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅-၇ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ၎င်း၏ ပထမဆုံး တရားဝင် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၅ ရက်မှ ၇ ရက်အထိ လာရောက်ခဲ့ပါသည်။ လွန်ခဲ့သည့်နှစ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်များပြီးသည့်နောက် နှစ်နိုင်ငံခေါင်းဆောင်များအကြား အဆင့်မြင့်ဆက်ဆံရေး ဆက်လက်ဆောင်ရွက်မှုအဖြစ် လာရောက်သည့် ခရီးစဉ်လည်း ဖြစ်ပါသည်။

၂။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဝန်ကြီးချုပ်မိုဒီအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏အိမ်တော်တွင် အခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ ၎င်းသည် နိုင်ငံတော်သမ္မတအား ဂါရဝပြုတွေ့ဆုံခဲ့ပြီး နိုင်ငံတော်သမ္မတက ၎င်းအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ဦးဆောင်၍ နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ နှစ်နိုင်ငံဆွေးနွေးပွဲအား နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးစွဲ ဆက်ဆံရေးနှင့်အညီ နွေးထွေးစွာဖြင့် အကျိုးရှိရှိ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲပြီးသည့်နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းရည်မြှင့်တင်ရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် အဓိကကျသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်/နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ လဲလှယ်ခြင်းအခမ်းအနားနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ပါသည်။

၃။ နေပြည်တော်၌ တရားဝင်အခမ်းအနားများ တက်ရောက်ခဲ့ပြီးနောက် ဝန်ကြီးချုပ်မိုဒီသည် ပုဂံနှင့် ရန်ကုန်ရှိ သမိုင်းဝင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အထင်ကရနေရာများသို့လည်း သွားရောက်လည်ပတ်မည်ဖြစ်ပါသည်။ ပုဂံတွင် Archaeological Survey of India(ASI)၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ရှေးဟောင်းသုတေသနပညာရှင်များက ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် သမိုင်းဝင်တန်ခိုးကြီး အာနန္ဒာစေတီသို့ သွားရောက်မည်ဖြစ်ပါသည်။ ဆက်လက်၍ ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့ သွားရောက်ကာ ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့အမှတ်ရ အလေးပြုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အခြားအထင်ကရနေရာများသို့ သွားရောက်မည်ဖြစ်ပါသည်။ ရန်ကုန်မြို့သို့ရောက်ရှိစဉ် မြန်မာနိုင်ငံရှိ အိန္ဒိယနွယ်ဖွားများနှင့် အိန္ဒိယအသိုက်အဝန်းတို့နှင့် တွေ့ဆုံမည်ဖြစ်ပါသည်။

၄။ နှစ်နိုင်ငံဆွေးနွေးပွဲများတွင် ခေါင်းဆောင်နှစ်ဦးက ၂၀၁၆ ခုနှစ် ဩဂုတ်လနှင့် အောက်တိုဘာလများတွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ အထူးအောင်မြင်ခဲ့သည့် ခရီးစဉ်များအပြီး ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ ခေါင်းဆောင်များသည် မြန်မာနိုင်ငံ၏ လွတ်လပ်၍တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့် အိန္ဒိယနိုင်ငံ၏ လက်တွေ့ကျသည့် အရှေ့နှင့်လက်တွဲဆောင်ရွက်ခြင်း၊ အိမ်နီးချင်း ဦးစားပေးခြင်းမူဝါဒများ၏ သဟဇာတဖြစ်မှုကို ထင်ဟပ်နေသော နှစ်နိုင်ငံအပြန်အလှန်တရားဝင်ခရီးစဉ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုတို့ကို ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာစေရန် အခွင့်အလမ်းအသစ်များထုတ်ဖော်ရေးအတွက် နှစ်ဖက်ခေါင်းဆောင်များမှ ကတိပြုခဲ့ကြပါသည်။ ငြိမ်းချမ်းရေး၊ အတူတကွ သာယာဝပြောမှုရရှိရေးနှင့် ဒေသတွင်းနှင့် ပြင်ပတို့၌ ဖွံ့ဖြိုးတိုးတက်မှုများအတွက် တူညီသည့် မျှော်မှန်းချက်များကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၅။ အိန္ဒိယဝန်ကြီးချုပ်သည် ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပြောကြားခဲ့ပြီး အစိုးရ၏ ဆောင်ရွက်ဆဲငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်းလည်း ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၌ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အိန္ဒိယနိုင်ငံ၏ အဓိကဦးစားပေးတစ်ရပ်အဖြစ် မှတ်ယူပြီး ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် ပေါ်ထွန်းလာစေရေးနှင့် မြန်မာနိုင်ငံရှိ ဒီမိုကရက်တစ်အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေးအတွက် အိန္ဒိယနိုင်ငံမှ ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

၆။ နှစ်ဖက်ခေါင်းဆောင်များသည် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအခြေအနေ၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် နှစ်ဖက် ပိုင်နက်နယ်မြေများအတွင်း ဖြစ်ပေါ်ခဲ့သည့် အစွန်းရောက်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ စိုးရိမ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ အကြမ်းဖက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အဓိက ခြိမ်းခြောက်မှုဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြပြီး နှစ်ဖက်လုံးမှ မည်သည့်အကြမ်းဖက်မှုပုံစံမျိုးကိုမဆို ရှုတ်ချကြောင်းနှင့် အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်ရေးတွင် အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့နှင့်ချိတ်ဆက်သော ကွန်ရက်များသာမက အကြမ်းဖက်မှုကို လွဲမှားစွာ ဂုဏ်ပြုထောက်ခံနေသော၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများအား အကာအကွယ်ပေးသော၊ အကြမ်းဖက်မှုအား ဘဏ္ဍာငွေကြေး(သို့မဟုတ်) ထောက်ပံ့အားပေးသော နိုင်ငံများကို ဖော်ထုတ်ခြင်း၊ တာဝန်ခံမှုရှိစေခြင်းနှင့် ထိရောက်သော အရေးယူမှုများ ဆောင်ရွက်သင့်ကြောင်း နှစ်ဖက်လုံးက သဘောတူရှုမြင်ခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံ အာမာနတ်ရတ္တရာဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုတိုက်ခိုက်မှုအပါအဝင် နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုတိုက်ခိုက်မှုများကို မြန်မာနိုင်ငံက ရှုတ်ချခဲ့သကဲ့သို့ အိန္ဒိယနိုင်ငံကလည်း မကြာသေးမီက ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချခဲ့ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး အကြမ်းဖက်သမားများအား အာဇာနည်များအဖြစ် မသတ်မှတ်သင့်ကြောင်း နှစ်ဖက်လုံးမှ သဘောတူရှုမြင်ခဲ့ကြပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် ဘက်လိုက်၍ ရွေးချယ်ချဉ်းကပ်ဆောင်ရွက်နေမှုများကို အဆုံးသတ်ရန် နိုင်ငံတကာအသိုက်အဝန်းအား နှစ်ဖက်လုံးက တိုက်တွန်းခဲ့ပြီး ယင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံတကာအကြမ်းဖက်မှု အလုံးစုံတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Comprehensive Convention on International Terrorism) ကို အမြန်ဆုံး အပြီးသတ်အတည်ပြုနိုင်ရေးအတွက်လည်း တောင်းဆိုခဲ့ကြပါသည်။

၇။ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ်ရေး ထိန်းသိမ်းမှုသည် နယ်စပ်ဒေသနေ နှစ်ဖက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း နှစ်ဖက်လုံးက သဘောတူရှုမြင်လက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့မှုကို လေးစားလျက် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြုကာ အိန္ဒိယအစိုးရအား ဆန့်ကျင်ရန်လိုတိုက်ခိုက်သည့် မည်သည့် သောင်းကျန်းသူအဖွဲ့ကိုမှ လက်ခံခွင့်ပြုခြင်း မပြုသည့် မူဝါဒကို ခိုင်မြဲစွာ ကျင့်သုံးပါကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယဘက်ကလည်း ယင်းမူဝါဒအတိုင်း ကျင့်သုံးသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကျေနပ်ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါသည်။

၈။ နှစ်နိုင်ငံအကြား တိုင်းတာသတ်မှတ်ပြီးသော နယ်နိမိတ်မျဉ်းအား အပြန်အလှန်လေးစားမှုရှိရေးကို ထပ်လောင်းပြောကြားလျက် ကျန်ရှိနေသေးသော နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များကိုလည်း ရှိရင်းစွဲဆက်ဆံရေး ယန္တရားများ၊ အခြားညှိနှိုင်းဆောင်ရွက်မှုနည်းလမ်းကြောင်းများဖြင့် တတ်နိုင်သမျှ အမြန်ဆုံးဖြေရှင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း နှစ်ဖက်လုံးက အလေးအနက်ထား ပြောကြားခဲ့ပါသည်။

၉။ အိမ်နီးချင်း နှစ်နိုင်ငံအကြားရှိ လုံခြုံရေးဆိုင်ရာအခြေအနေများကို နှစ်ဖက်လုံးက ပြန်လည်သုံးသပ်ခဲ့ပြီး ပင်လယ်ရေကြောင်းလုံခြုံရေးတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း သဘောတူညီခဲ့ပါသည်။ နှစ်နိုင်ငံအကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီခဲ့ကြပြီး မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မကြာသေးမီက အိန္ဒိယနိုင်ငံခရီးစဉ်အပေါ် အားရကျေနပ်မှုရှိကြောင်း ဖော်ပြခဲ့ကြပါသည်။ ပုံမှန်ညှိနှိုင်းကင်းလှည့်လည်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပြင် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်နေသည့် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာကို စောင့်ရှောက်ကာကွယ်ရန်အတွက် အရေးကြီးသော လူသားချင်းစာနာမှုအကူအညီများနှင့် သဘာဝဘေးအန္တရာယ်မှ လျော့ပါးစေရေးဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော သမားရိုးကျမဟုတ်သည့် လုံခြုံရေးနယ်ပယ်များ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအပေါ် အလေးဂရုပြုရန် သဘောတူညီခဲ့ကြပါသည်။

၁၀။ နှစ်နိုင်ငံအကြား ရရှိပြီးဖြစ်သည့် အပြန်အလှန်နားလည်မှုနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည့် နှစ်နိုင်ငံဆက်ဆံရေးကို နှစ်ဖက်လုံးက ဆက်လက်ထိန်းသိမ်းသွားရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသအတွက် အပြန်အလှန် ယုံကြည်ကိုးစားနိုင်သည့် အိမ်နီးချင်းကောင်းများအဖြစ် ဆက်လက်ရပ်တည်သွားကြမည်ဖြစ်ကြောင်း နှစ်ဖက် ကတိပြုခဲ့ကြပါသည်။

၁၁။ အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန် စဉ်ဆက်မပြတ်သွားရောက်လျက်ရှိနေမှုအပေါ် နှစ်ဖက်လုံးမှ ကျေနပ်အားရကြောင်း ပြောကြားခဲ့ကြပါသည်။ လုံခြုံရေးနှင့် ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်ရေး အစရှိသည့် နယ်ပယ်များတွင် ကဏ္ဍအလိုက် ဆက်ဆံရေးယန္တရားများ ပုံမှန်ကျင်းပနေခြင်းအတွက်လည်း အားရကျေနပ်ကြောင်း ပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များအကြား အပြန်အလှန်ခရီးစဉ်များအတွက် ဝမ်းမြောက်ကြောင်း အသိအမှတ်ပြုပြောကြားခဲ့ကြပြီး အနာဂတ်တွင် ပိုမိုသွားရောက်ရေးစီစဉ်သွားကြရန်လည်း တိုက်တွန်းခဲ့ကြပါသည်။

၁၂။ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများ၌ အိန္ဒိယအစိုးရမှ ပေးအပ်ခဲ့သည့် အကူအညီအထောက်အပံ့များအတွက် ကျေးဇူးတင်ရှိကြောင်း မြန်မာဘက်မှ ပြောကြားခဲ့ပါသည်။ အိန္ဒိယအစိုးရ၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် လက်ရှိဆောင်ရွက်နေသည့် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို နှစ်ဖက်လုံးမှ ပြန်လည်သုံးသပ်ခဲ့ကြပြီး အဆိုပါ စီမံကိန်းများသည် မြန်မာပြည်သူများအတွက် တိုက်ရိုက်အကျိုးရှိစေကြောင်းကို အသိအမှတ်ပြုခဲ့ကြကာ အကောင်အထည်ဖော်ဆောင်မှုများကို အလျင်အမြန်ဆောင်ရွက်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။ ဝန်ကြီးချုပ်မိုဒီက အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် လူ့စွမ်းအားအရည်အသွေးဖွံ့ဖြိုးစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများတွင် အိန္ဒိယနိုင်ငံက ပံ့ပိုးကူညီသွားရန် ကတိကဝတ်ပြုမှုကို ထပ်လောင်းပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် ပခုက္ကူနှင့် မြင်းခြံမြို့များတွင် စက်မှုသင်တန်းကျောင်းများ တည်ထောင်ခဲ့စဉ်က ရရှိခဲ့သည့်အတွေ့အကြုံကောင်းများဖြင့် မုံရွာနှင့် သထုံမြို့များတွင် သင်တန်းကျောင်းနှစ်ခု ထပ်မံကူညီတည်ထောင်ပေးသွားရန်နှင့် မြင်းခြံစက်မှုသင်တန်းကျောင်းအတွက် ငါးနှစ် ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းအား ပံ့ပိုးပေးမှုအတွက် အိန္ဒိယနိုင်ငံကို ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပါသည်။ ရန်ကုန်မြို့တွင် မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်ရှင်များ ဖွံ့ဖြိုးရေးဗဟိုဌာနနှင့် အင်္ဂလိပ်ဘာသာစကားလေ့ကျင့်ရေးဗဟိုဌာန အဆင့်မြှင့်တင်ရေးအတွက် အိန္ဒိယဘက်မှ အကူအညီကမ်းလှမ်းခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ နက္ခတ်တာရာပြခန်းသည် မြန်မာလူငယ်များအကြား သိပ္ပံနည်းကျ စူးစမ်းလိုစိတ်ကို ပျိုးထောင်ပေးနိုင်မည့် ဌာနတစ်ခုဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင် သင့်လျော်သည့်နေရာ၌ နက္ခတ်တာရာပြခန်းတစ်ခုတည်ဆောက်ရေးအတွက် ဆက်လက်ဆွေးနွေးရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။

၁၃။ နှစ်ဖက်လုံးက ရခိုင်ဒေသအခြေအနေသည် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စနှစ်ရပ်လုံးနှင့်သက်ဆိုင်နေသည့်အချက်အပေါ် တူညီသည့်သဘောထားကို ဖော်ပြခဲ့ကြပြီး ရခိုင်ဒေသ၌ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှု၊ လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှု၊ တံတားငယ်များ တည်ဆောက်ရေး၊ လမ်းများအဆင့်မြှင့်တင်ရေး၊ ဓာတ်အားပေးစက်ရုံငယ်များ၊ လေ့ကျင့်ရေးသင်တန်းကျောင်းများ၊ အိမ်တွင်းလက်မှုလုပ်ငန်း မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကာ အလုံးစုံသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားရန် သဘောတူခဲ့ကြပါသည်။ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ အကူအညီပေးအပ်လိုမှုကိုကြိုဆိုခဲ့ပြီး လာမည့်လများအတွင်း အကောင်အထည်ဖော်မှုနည်းလမ်းများကို ဖော်ထုတ်သွားရန် သဘောတူခဲ့ကြပါသည်။

၁၄။ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဗဟိုဌာန ပုံမှန်လည်ပတ်နိုင်ခြင်းနှင့် စိုက်ပျိုးရေးသုတေသနဌာနတွင် တည်ထောင်ထားသည့် ဆန်စပါးဇီဝဥယျာဉ်တို့နှင့်စပ်လျဉ်း၍ တိုးတက်မှုများကို နှစ်ဖက်လုံးက ကျေနပ်ကြောင်းဖော်ပြခဲ့ကြပါသည်။ အိန္ဒိယဘက်မှ စိုက်ပျိုးရေးသိပ္ပံဘာသာရပ်တွင် ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ပညာသင်များအတွက် ပံ့ပိုးပေးလျက်ရှိနေမှုကိုလည်း မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

၁၅။ မြန်မာတရားရေးအရာထမ်းများ၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် အိန္ဒိယက ပေးခဲ့သော လူ့စွမ်းအားမြှင့်တင်ရေးအစီအစဉ်များအတွက် နှစ်ဖက်လုံးက ကျေနပ်ဝမ်းမြောက်ခဲ့ကြပါသည်။ မြန်မာ-အိန္ဒိယ သတင်းအချက်အလက်နှင့် နည်းပညာဗဟိုဌာနနှင့် မြန်မာ-အိန္ဒိယ အိုင်တီကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရေးဗဟိုဌာနတို့တွင် ပံ့ပိုးမှုကာလ သက်တမ်းတိုးမြှင့်ခဲ့မှုအတွက် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံဘက်က နယူးဒေလီမြို့ရှိ သံတမန် သင်တန်းကျောင်းတွင် မြန်မာသံတမန်များအတွက် ပုံမှန်သင်တန်းများ ကမ်းလှမ်းသွားရန် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံ့ဝန်ထမ်း ၁၅၀ ကို အိန္ဒိယနိုင်ငံရှိ သင်တန်းကျောင်းများတွင် အင်္ဂလိပ်ဘာသာစကား ငါးနှစ်တာကာလအထိ နှစ်စဉ် သင်ကြားပေးရန်နှင့် နှစ်စဉ် မြန်မာသံတမန်နှစ်ဦးအား ဟင်ဒီဘာသာသင်တန်းကျောင်း(Kendriya Hindi Sangsthan)တွင် တက်ရောက်နိုင်ရေး အိန္ဒိယဘက်က ကမ်းလှမ်းမှုကိုလည်း မြန်မာဘက်က ကြိုဆိုခဲ့ပါသည်။

၁၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် သင်ကြားရေးအခြေခံအဆောက်အအုံများ ပိုမိုအဆင့်မြှင့်တင်ရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပေးအပ်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုလျက် နှစ်ဖက်ခေါင်းဆောင်များသည် အိန္ဒိယအစိုးရ၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် မြန်မာနိုင်ငံ ရမည်းသင်းရှိ အမျိုးသမီးရဲလေ့ကျင့်ရေးသင်တန်းကျောင်းအား အဆင့်မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်မှုကို ကြိုဆိုခဲ့ကြပါသည်။ ရန်ကုန်မြို့တွင် ရဲအရာရှိများအတွက် သင်တန်းကျောင်းတစ်ခု တည်ထောင်ရန် အကူအညီပေးရေး အိန္ဒိယဘက်မှ ကမ်းလှမ်းမှုကို မြန်မာနိုင်ငံကကြိုဆိုခဲ့ပြီး အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်ကို ပူးတွဲဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၇။ အိန္ဒိယနိုင်ငံဘက်မှ အပြည့်အဝပံ့ပိုးသည့် Grant-in-Aid စီမံကိန်းများဖြစ်သည့် ကုလားတန်ဘက်စုံစီမံကိန်းနှင့် အခြားလမ်းနှင့် တံတားတည်ဆောက်ရေးစီမံကိန်းများ၌ အိန္ဒိယမှ ထောက်ပံ့ကူညီမှုအတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိခဲ့ပါသည်။

**စာမျက်နှာ ၇ သို့ ❖**

❖ စာမျက်နှာ ၆ မှ

ကုလားတန်ဘက်စုံစီမံကိန်းတွင် စစ်တွေဆိပ်ကမ်းနှင့် ပလက်ဝ ရေကြောင်းပို့ဆောင်ရေး Terminal ပြီးစီးမှုနှင့် မြန်မာနိုင်ငံဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ ရေယာဉ် (၆)စင်း လွှဲပြောင်းပေးခြင်း စသည့် သိသာထင်ရှားသည့် တိုးတက်မှုများအတွက် မြန်မာဘက်က ကျေးဇူးတင်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံရှိ အခြားအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ကျင့်သုံးခဲ့မှုနှင့်အညီ ဆိပ်ကမ်းလည်ပတ်ရေးနှင့် ထိန်းသိမ်းရေးအတွက် နှစ်ဖက်လုံးပါဝင်သည့် ဆိပ်ကမ်းကြီးကြပ်ရေးမှူးခန့်ထားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာချုပ်ဆိုရေးအတွက် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။ ယင်းမှ ဆိပ်ကမ်းနှင့် IWT အခြေခံအဆောက်အအုံအား ကုန်သွယ်မှုအတွက် အသုံးပြုနိုင်မည်ဖြစ်ကာ အနီးပတ်ဝန်းကျင်ဒေသများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး စီမံကိန်း၏ နောက်ဆုံးအပိုင်း ဆောင်ရွက်မှုဖြစ်သည့် ပလက်ဝမှ ဇူရင်ပူသို့ ကုန်းလမ်းစတင်ဖောက်လုပ်မှုကိုလည်း ကျေနပ်ခဲ့ကြပါသည်။ စီမံကိန်းဆိုင်ရာ ဝန်ထမ်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပစ္စည်းကိရိယာများ ဇူရင်ပူနှင့် ပလက်ဝမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းနိုင်ရန်အတွက် မြန်မာနိုင်ငံက ပံ့ပိုးကူညီပေးရန် သဘောတူညီခဲ့ပါသည်။ နှစ်ဖက်လုံးမှ ဆောက်လုပ်ရေးလုပ်ငန်းများအား တမူး-ကျီကုန်း-ကလေးဝ လမ်းနှင့် သုံးနိုင်ငံ အမြန်လမ်းပိုင်း၏ ကလေးဝ-ယာကြီးလမ်းပိုင်း တံတားများ ပြန်လည်တည်ဆောက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ အမြန်စတင်ရန် အသိအမှတ်ပြုခဲ့ကြပါသည်။ ရိဒ်-တီးတိန်လမ်း alignment ဆောင်ရွက်ခြင်းနှင့် ယင်းဆောက်လုပ်ရေးအတွက် အသေးစိတ်စီမံကိန်းအစီရင်ခံစာ(DPR)ကို နှစ်ဖက်လုံးမှ သဘောတူညီခဲ့ပါသည်။ ရရှိမည့် ချေးငွေပမာဏဖြင့် ပူတာအို-မြစ်ကြီးနားနှင့် အလယ်သံကျော်-အငူမော်လမ်းများ ဖောက်လုပ်ရေးအား မြန်မာနိုင်ငံတွင် အသေးစိတ်စီမံကိန်းအစီရင်ခံစာ(DPR)ထွက်ရှိပြီးနောက် ဆောင်ရွက်မည်ဖြစ်ပါသည်။ မြန်မာဘက်က မေတ္တာရပ်ခံသည့် ရိဒ်ခေါဒါ-ဇိုခေါဒါတံတားနှင့် ဘွေးနုတံတားများအတွက် အသေးစိတ်စီမံကိန်းအစီရင်ခံစာ(DPR)များ ပြုစုရန် အိန္ဒိယဘက်မှ သဘောတူညီခဲ့ပါသည်။

၁၈။ ရန်ကုန် ကလေးဆေးရုံနှင့် စစ်တွေအထွေထွေရောဂါကုဆေးရုံတို့ အဆင့်မြှင့်တင်ရေးနှင့် မုံရွာအထွေထွေရောဂါကုဆေးရုံ တည်ဆောက်မှု စီမံကိန်း ပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ အားရကျေနပ်ခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံမှ ထိပ်တန်းဆေးရုံလုပ်ငန်းစုနှင့်ပူးပေါင်း၍ နှစ်ဖက်ညှိနှိုင်းသဘောတူမည့် အကောင်အထည်ဖော်မှုပုံစံနည်းလမ်းများဖြင့် နေပြည်တော်တွင် ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ဆေးရုံတစ်ရုံ တည်ဆောက်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုစတင်ရန် နှစ်ဖက်သဘောတူညီခဲ့ပါသည်။

၁၉။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ အိန္ဒိယဘက်မှ ပေးအပ်ခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ချေးငွေအသုံးချမှုနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုကိုလည်း ဆွေးနွေးခဲ့ပါသည်။ ချေးငွေအစီအစဉ်အောက်မှ အကောင်အထည်ဖော်မည့် စီမံကိန်းများသည် အရေးကြီးသည့်နယ်ပယ်များ၌ အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးနှင့် ပို့ဆောင်ရေး စွမ်းဆောင်မှုများ တိုးမြှင့်စေခြင်းကို အသိအမှတ်ပြုလျက် နှစ်ဖက်သဘောတူညီပြီးသော စီမံကိန်းများ လျင်မြန်စွာ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀။ အဆိုပါ အခြေခံအဆောက်အအုံစီမံကိန်းများမှ အကျိုးကျေးဇူးအပြည့်အဝရရှိစေရန်၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောင်ရွက်မှုကို အဓိကဦးစားပေးအဖြစ်သတ်မှတ်ရန်လိုအပ်ကြောင်း နှစ်ဖက်လုံးမှ ပြောကြားခဲ့ကာ နယ်စပ်ဖြတ်ကျော်ကာ မော်တော်ယာဉ်၊ ခရီးသည်နှင့် ကုန်စည်သယ်ဆောင်ရေးအတွက် နားလည်မှုစာချွန်လွှာချုပ်ဆိုရန် အရေးကြီးကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။

၂၁။ နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ပံ့ပိုးမှုကွန်ရက်များ ပိုမိုပေါင်းစည်းဆောင်ရွက်ရန်လိုအပ်ကြောင်း နှစ်ဖက်လုံးမှ အလေးထားပြောကြားခဲ့ပါသည်။ စွမ်းအင်ရှာဖွေမှုနှင့် ထုတ်လုပ်မှုကဏ္ဍ၌ အိန္ဒိယနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကို မြန်မာဘက်က ကြိုဆိုခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ကုန်များ၊ ဈေးကွက်အခြေခံအဆောက်အအုံနှင့် LPG terminal များ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါများခေါ်ယူရာ၌ အိန္ဒိယကုမ္ပဏီများအား ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ ထိပ်တန်းရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများသည် မြန်မာနိုင်ငံ၌ ရုံးခန်းများဖွင့်လှစ်ရန် ဆောင်ရွက်နေကြောင်း အိန္ဒိယဘက်က အသိပေးခဲ့ပါသည်။ နယ်စပ်ကုန်းလမ်းကိုဖြတ်ကျော်၍ ဒီဇယ်ဆီတင်ပို့ရန် အိန္ဒိယနိုင်ငံ၏ Numaligarh ရေနံချက်စက်ရုံနှင့် မြန်မာနိုင်ငံ ပါရမီစွမ်းအင်အုပ်စုတို့အကြား သဘောတူညီချက်အပေါ် ချီးကျူးခဲ့ပြီး မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြည်သူများအတွက် ပိုမိုဈေးသက်သာ၍ ယုံကြည်စိတ်ချရသည့် လောင်စာဆီတင်သွင်းနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ရေနံထုတ်ကုန်များ လက်လီရောင်းချသည့်ဈေးကွက်နှင့် သိုလှောင်မှု၌ ပူးပေါင်းဆောင်ရွက်ရေးကို အားပေးခဲ့ကြပါသည်။ အိန္ဒိယမှ အဆင့်မြင့်ဒီဇယ် ပထမသုတ်တင်ပို့မှုသည် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။

၂၂။ မြန်မာနိုင်ငံမှ သမားရိုးကျနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အခြေခံလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် အသေးစိတ်ထောက်ပံ့မှုနှင့် နည်းပညာအကူအညီပံ့ပိုးရန် အိန္ဒိယနိုင်ငံမှ အဆင်သင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဆိုလာဥယျာဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖြစ်နိုင်ခြေကို လေ့လာမှုဆောင်ရွက်ရန် ယခင်က ကမ်းလှမ်းခဲ့မှုအပြင် မြန်မာနိုင်ငံတွင် နေရောင်ခြည်ဖြာထွက်မှုရင်းမြစ်ဆန်းစစ်ဆောင်ရွက်ရန်လည်း အိန္ဒိယနိုင်ငံက ကမ်းလှမ်းခဲ့ပါသည်။ နှစ်ဖက်လုံးမှ နှစ်နိုင်ငံအကြား စွမ်းအင်လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။ နေပြည်တော်၊ ပဲခူးဒေသနှင့် ရခိုင်ဒေသတို့ရှိ မြန်မာဘက်မှ သတ်မှတ်ပေးသည့် အဓိကမြို့နယ်များနှင့် အဆောက်အအုံများတွင် LED အခြေခံ စွမ်းအင်ခြိုးခြံချွေတာ မီးလင်းရန် ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ Energy Efficiency Services Ltd. မှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ နည်းပညာသရုပ်ပြမှုစီမံကိန်းများအတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယ၏ စွမ်းအင်ကုန်သွယ်မှုဆိုင်ရာ အတွေ့အကြုံများကို မျှဝေလျက် မြန်မာနိုင်ငံနှင့် ယင်းနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းများ ရှာဖွေရေးကိုလည်း အိန္ဒိယဘက်က စိတ်ဝင်စားကြောင်းပြောကြားလျက် အဆောလျင်ဆုံး စွမ်းအင်ဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီနှင့် အခြားဖိုရမ်များ၌ စွမ်းအင်နှင့် အခြားဆက်စပ်ကိစ္စရပ်များကို စတင်ဆွေးနွေးရန် သဘောတူညီခဲ့ကြပါသည်။ အဖွဲ့ဝင်နိုင်ငံများအား ကြီးစွာသော အကျိုးဖြစ်ထွန်းစေမှုကို ရှုမြင်၍ အပြည်ပြည်ဆိုင်ရာ ဆိုလာမဟာမိတ်အဖွဲ့တည်ထောင်မှုဆိုင်ရာမူဘောင် သဘောတူညီချက်တွင် မြန်မာအစိုးရကပါဝင်ရန် အိန္ဒိယ၏ တိုက်တွန်းအကြံပြုချက်ကိုလည်း မြန်မာဘက်က အလေးထားစဉ်းစားသုံးသပ်သွားမည်ဖြစ်ပါသည်။

၂၃။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လက်ရှိအနေအထားကို နှစ်ဖက်မှတ်သားခဲ့ကြပြီး လက်ရှိ ခိုင်မာနေသည့်အနေအထားမှ တိုးတက်ရန် အလားအလာရှိကြောင်း သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်ရည်ရွယ်လျက် ကုန်သွယ်မှုအတားအဆီးများ အားလုံးအား ဖြေလျှော့ကာ ဈေးကွက်သို့ပိုမိုရောက်ရှိနိုင်မှုမြှင့်တင်ရန် လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ၂၀၁၇ ခုနှစ် ဇွန်လက ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ပူးတွဲကုန်သွယ်ရေးကော်မတီအစည်းအဝေးသဘောတူညီချက်များအပေါ် အားရကျေနပ်ခဲ့ကြပြီး နယ်စပ်ကုန်သွယ်မှုကော်မတီနှင့် နယ်စပ်ဈေးကော်မတီ အစည်းအဝေးများ ဆက်လက်ကျင်းပရန် သဘောတူညီခဲ့ကြပါသည်။

၂၄။ မြန်မာ့အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်း၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်နယ်ပယ်များတွင် အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံ၏ဆန္ဒကို အိန္ဒိယဘက်က ကြိုဆိုခဲ့ပါသည်။

၂၅။ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတွင် ပဲမျိုးစုံကုန်သွယ်မှုသည် မြန်မာ ပဲစိုက်ပျိုးသူများနှင့် အိန္ဒိယစားသုံးသူများအတွက် အကျိုးသက်ရောက်မှုရှိသဖြင့် ပဲမျိုးစုံကုန်သွယ်မှု၏ အရေးပါမှုကို နှစ်ဖက်လုံးက အသိအမှတ်ပြုခဲ့ပါသည်။ သို့ဖြစ်ရာ မကြာသေးမီက အိန္ဒိယအစိုးရက ပဲမျိုးစုံကုန်သွယ်မှုအပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့မှုအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စိုးရိမ်ကြောင်း ပြောကြားလျက် နှစ်နိုင်ငံ ပြည်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် ချစ်ခင်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးကိုရှေးရှုလျက် မြန်မာနိုင်ငံမှ တင်သွင်းကုန်များအပေါ် ကန့်သတ်မှုများ ရုပ်သိမ်းပေးရန် အိန္ဒိယဝန်ကြီးချုပ်အား တောင်းဆိုခဲ့ပါသည်။ အိန္ဒိယဝန်ကြီးချုပ်က အနာဂတ်တွင် နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည့် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့ပါသည်။

၂၆။ နှစ်နိုင်ငံ နယ်စပ်ဒေသနေပြည်သူများ အပြန်အလှန် ဝင်ထွက်သွားလာနိုင်ရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုတို့အတွက် နယ်စပ်ဖြတ်ကျော်သွားလာမှုဆိုင်ရာ သဘောတူညီချက်ကို အပြီးသတ်ချုပ်ဆိုနိုင်ရေးအတွက် အောင်မြင်စွာညှိနှိုင်းဆွေးနွေးရန် သက်ဆိုင်ရာအဆင့်မြင့်အရာရှိများကို တာဝန်ပေးအပ်ရန် သဘောတူခဲ့ကြပြီး နှစ်ဖက်ခေါင်းဆောင်များက မန္တလေးနှင့် အင်ဖာမြို့များအကြား ပူးတွဲဘတ်စ်ကားလိုင်း ပြေးဆွဲရေး သဘောတူညီချက်ကို အမြန်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားကြရန်လည်း သဘောတူညီခဲ့ကြပါသည်။

၂၇။ နှစ်နိုင်ငံ လေကြောင်းအဆက်အသွယ် တိုးမြှင့်ခြင်းသည် ပြည်သူအချင်းချင်း ဆက်ဆံမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်လာစေရေးတို့အတွက် တိုးတက်စေမည်ဖြစ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက ရှုမြင်ခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံ၏ငွေကြေးနှင့် နည်းပညာ အထောက်အပံ့ဖြင့် ပခုက္ကူလေဆိပ် (သို့မဟုတ်) ကလေးလေဆိပ်အား အဆင့်မြှင့်တင်ရန် အသေးစိတ်စီမံကိန်းအစီရင်ခံစာကို မြန်မာနိုင်ငံ လေကြောင်းညွှန်ကြားမှုဦးစီးဌာနနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်၍ အိန္ဒိယလေဆိပ်အာဏာပိုင်များမှ ပြုစုရန် သဘောတူညီခဲ့ပါသည်။ အိန္ဒိယနိုင်ငံရှိ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များနှင့် သီးခြားသင်တန်းများ၌ မြန်မာလေကြောင်းထိန်းသိမ်းသူများ တက်ရောက်ရန် အိန္ဒိယအစိုးရ၏ ကမ်းလှမ်းမှုကိုလည်း မြန်မာဘက်က ကြိုဆိုခဲ့ကြပါသည်။ နှစ်ဖက်ခေါင်းဆောင်များသည် တမူးမြို့နှင့် မန္တလေးမြို့အကြား မီးရထားလိုင်းတည်ဆောက်ရေးဆိုင်ရာ ဖြစ်နိုင်ခြေ အလားအလာကို လေ့လာရန်လည်း နှစ်ဖက်သက်ဆိုင်ရာ တာဝန်ရှိသူများအား ညွှန်ကြားခဲ့ပါသည်။ အိန္ဒိယဘက်မှ အဖွဲ့တစ်ဖွဲ့အား ကွင်းဆင်းလေ့လာရေး ဆောင်ရွက်ရန်အတွက် စေလွှတ်ရန်နှင့် တမူးနှင့်မန္တလေးအကြား ရထားလမ်း ဆက်သွယ်ရေးအတွက် အသေးစိတ်စီမံကိန်းအစီရင်ခံစာကို ပြုစုတင်ပြရန်လည်း သဘောတူညီခဲ့ကြပါသည်။

၂၈။ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ပေးရေးဆိုင်ရာ အပြန်အလှန်သဘောတူညီသည့် နည်းလမ်းများ တည်ထောင်ရေး၏ အရေးပါမှုကို အသိအမှတ်ပြုကြလျက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို အဆောလျင်ဆုံး လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်ဖက်လုံးက ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၂၉။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုရင်းနှီးသည့် ဆက်ဆံရေးအတွက် ယဉ်ကျေးမှုသည် အဓိကကျမှုအပေါ် အလေးထားပြောကြားခဲ့ကြပါသည်။ ၂၀၁၇-၂၀၂၀ ကာလအတွက် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအား ကျေနပ်ဝမ်းမြောက်ခဲ့ကြပါသည်။ အဆိုပါ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်က အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသများနှင့် မြန်မာနယ်စပ်ဒေသများအကြား ယဉ်ကျေးမှုဖလှယ်ရေးကို ဖွံ့ဖြိုးတိုးတက်စေမည်ကို နှစ်ဖက်ယုံကြည်ခဲ့ကြပါသည်။

၃၀။ အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) က တာဝန်ယူလုပ်ဆောင်နေသည့် ဂယာရှိ မင်းတုန်းမင်းနှင့် ဘကြီးတော် ကျောက်စာများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးကိစ္စမှာ တိုးတက်မှုရှိနေကာ ၂၀၁၇ ခုနှစ်ကုန်ပိုင်းတွင် ပြီးစီးမည်ဟု အိန္ဒိယဘက်က အသိပေးခဲ့ပြီး မြန်မာဘက်က ယင်းကျောက်စာများ ထိန်းသိမ်းစောင့်ရှောက်ရေးသည် နှစ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များအတွက် အရေးကြီးကြောင်း အသိအမှတ်ပြုလျက် ယင်းသို့အသိပေးမှုကို ကြိုဆိုခဲ့ပါသည်။

၃၁။ ပုဂံဒေသ၏ လူမှုစီးပွားရေးတိုးတက်လာစေရန် အိန္ဒိယနိုင်ငံက အကူအညီပေးလိုမှုကို မြန်မာနိုင်ငံက ကြိုဆိုခဲ့ပါသည်။ ယင်းအနက် Archaeological Survey of India (ASI) မှတစ်ဆင့် ပုဂံရှိ ရှေးဟောင်းဘုရားပုထိုး (၉၂)ဆူနှင့် အဆောက်အအုံများ ထိန်းသိမ်းရေးအတွက်သာမက ပုဂံလက်မှုထုတ်ကုန်ဈေး၊ အစားအသောက်နှင့်ယဉ်ကျေးမှု၊ LED စနစ်ဖြင့် လမ်းမီးစနစ်၊ မိုးရေထိန်းသိမ်းခြင်း၊ ပုဂံဒေသခံများ ဝင်ငွေတိုးတက်စေရေးနှင့် စာသင်ကျောင်းများ အဆင့်မြှင့်ရေး၌လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယဘက်က စီမံကိန်းအဆိုပြုထားပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ ချုပ်ဆိုရေးကိုလည်း နှစ်ဖက်လုံးက ကြိုဆိုခဲ့ကြပါသည်။ ထို့ပြင် မြန်မာရှေးဟောင်းသုတေသနပညာရှင်များအတွက် နယူးဒေလီမြို့ရှိ အိန္ဒိယရှေးဟောင်းသုတေသနဗဟိုဌာနတွင် အဆင့်မြင့်သင်တန်းတက်ရောက်ရန် နှစ်စဉ် နှစ်နေရာကို အိန္ဒိယနိုင်ငံက ကမ်းလှမ်းအတည်ပြုပေးခဲ့ပါသည်။

၃၂။ မြန်မာနိုင်ငံသားများအတွက် e-visa မှလွဲ၍ ကျန်ဗီဇာအမျိုးအစားအားလုံးကို ဗီဇာကြေးကင်းလွတ်ခွင့်ပေးရန် အိန္ဒိယအစိုးရက ဆုံးဖြတ်ခဲ့မှုအတွက်လည်း မြန်မာနိုင်ငံက လှိုက်လှဲစွာကျေးဇူးတင်ရှိခဲ့ပါသည်။

၃၃။ အိန္ဒိယနိုင်ငံတွင် ပြစ်ဒဏ်ကျခံနေရသော မြန်မာနိုင်ငံသား(၄၀)ဦးကို အထူးအစီအစဉ်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ဆုံးဖြတ်ခဲ့မှုအတွက်လည်း မြန်မာနိုင်ငံအစိုးရက အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ရှိခဲ့ပါသည်။ ယင်းသို့ဆုံးဖြတ်ခဲ့မှုကို မြန်မာအစိုးရကသာမက မြန်မာပြည်သူများ၊ အထူးသဖြင့် ကာယကံရှင်မိသားစုများက လှိုက်လှဲစွာကျေးဇူးတင်ရှိခဲ့ကြပါသည်။

၃၄။ ဒီမိုကရေစီစနစ် ခိုင်မာစေရန် ပံ့ပိုးပေးရာတွင် သတင်းမီဒီယာ၏ အရေးကြီးသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် နှစ်ဖက်စလုံးက အိန္ဒိယနှင့် မြန်မာသတင်းမီဒီယာကောင်စီများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးမှုကို ကြိုဆိုခဲ့ကြပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာမူဘောင်အောက်မှ ဆောင်ရွက်မှုများသည် စာနယ်ဇင်းသမားများအကြား အပြန်အလှန်လည်ပတ်မှုကို အားပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် နိုင်ငံရေးနှင့် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများကို ပိုမိုနားလည်မှုရှိစေမည်ဖြစ်ပါသည်။

၃၅။ ကုန်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် စွမ်းအင်အပါအဝင် ကဏ္ဍများအားလုံးတွင် နှစ်နိုင်ငံ အကျိုးစီးပွားအညီအမျှ ရရှိခံစားနိုင်ရန်နှင့် နှစ်ဖက်အကျိုးစီးပွား အမြင့်မားဆုံးရရှိစေရန် ပိုမိုနက်ရှိုင်းသော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရန် နှစ်ဖက်လုံးက အလေးထားမှုကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံလုံးရှိ ပြည်သူများ၏လူနေမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းမှုတိုးတက်စေရေးအတွက် ဒေသဆိုင်ရာ၊ ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြပါသည်။

၃၆။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကုလသမဂ္ဂနှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၌ နီးကပ်စွာဆောင်ရွက်ရန် ထပ်လောင်းကတိပြုခဲ့ကြပါသည်။ ဘုံအကျိုးစီးပွားရှိစေသည့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် နှစ်ဖက်ရပ်တည်ချက်ကို ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးကြောင်းလည်း အလေးထားပြောကြားခဲ့ကြပါသည်။ အားကောင်းခိုင်မာသည့် ကုလသမဂ္ဂ၏ အရေးကြီးမှုကို ထပ်လောင်းပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီအား ဆောလျင်စွာ ပြုပြင်ပြောင်းလဲဖွဲ့စည်းရန်လိုအပ်ကြောင်း နှစ်ဖက်လုံးမှ အလေးထားပြောကြားခဲ့ကြပါသည်။ လုံခြုံရေးကောင်စီအား အလုံးစုံပြုပြင်ပြောင်းလဲရေးအတွက် အစိုးရများအချင်းချင်း ဆွေးနွေးညှိနှိုင်းမှုများကို ထောက်ခံကြောင်းလည်း ထပ်လောင်းကတိပြုခဲ့ကြပါသည်။ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာစေရန် အိန္ဒိယနိုင်ငံ၏ကြိုးပမ်းမှုကို မြန်မာနိုင်ငံက ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးရည်မှန်းချက်များကို လိုက်နာ၍ အကောင်အထည်ဖော်မှုနည်းလမ်းများ အခိုင်အမာဖြစ်စေရန် အထူးအားဖြင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် အတူတကွဆောင်ရွက်ရန် နှစ်ဖက်လုံးက ထပ်လောင်းကတိပြုခဲ့ကြပါသည်။ ကုလသမဂ္ဂနှင့် ယင်း၏အထူးအေဂျင်စီများအနေဖြင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရာတွင် ဓမ္မဓိဋ္ဌာန်ကျရန်နှင့် ဘက်လိုက်မှုကင်းရှင်းရန် အရေးကြီးကြောင်း နှစ်ဖက်လုံးက ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၃၇။ နိုင်ငံတကာ စီးပွားရေးရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြောဆိုနိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ ပြန်လည်ဖွဲ့စည်းရန်လိုအပ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများခိုင်မာစေရန် နှစ်ဖက်စလုံးမှ အလေးထားပြောကြားခဲ့ကြပါသည်။

၃၈။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဒေသတွင်း၌ အိမ်နီးချင်းကောင်းများအဖြစ် စံနမူနာပြနေထိုင်ရန် ခိုင်မာစွာကတိကဝတ်ပြုခဲ့ကြပါသည်။ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတူတကွ ဆက်လက်ဆောင်ရွက်ရန် နှစ်ဖက်လုံးက အလေးထားပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အမှီသဟဲပြုလျက် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ဝန်းကျင်တစ်ခုတွင် သဟဇာတရှိစွာ အတူတကွ ရပ်တည်သွားနိုင်ရေးအလို့ငှာ နှစ်နိုင်ငံ ပြည်သူများ၏ ဘုံအကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၃၉။ ဝန်ကြီးချုပ်မိုဒီက မြန်မာနိုင်ငံသို့ လာရောက်သည့်ခရီးစဉ်ကာလအတွင်း ၎င်းနှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာ ဧည့်ဝတ်ကျေပွန်ခဲ့မှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအား ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပါသည်။

၄၀။ နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိန္ဒိယနိုင်ငံသို့ ခရီးစဉ် လာရောက်ရန် ဝန်ကြီးချုပ်မိုဒီက ဖိတ်ကြားခဲ့ပြီး ယင်းအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်။**

# နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် ငွေကျပ်သိန်း ၈၀၀ ကျော်၊ ဆန်အိတ် ၆၀၀ နှင့် အသုံးအဆောင်ပစ္စည်းများ စုပေါင်းလှူဒါန်း

**စစ်တွေ စက်တင်ဘာ ၆**
ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာကြသော ဒေသခံတိုင်းရင်းသားများအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းသော ငွေကျပ်သိန်း ၈၀၀ ကျော်၊ ဆန်အိတ် ၆၀၀ နှင့် အသုံးအဆောင်ပစ္စည်းများအား ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က လက်ခံရယူသည်။

ယနေ့ရခိုင်ပြည်နယ်အစိုးရသို့ လှူဒါန်းသော စေတနာရှင်များမှာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ငွေကျပ် ၅၂၈ သိန်းနှင့် လုံချည် ၃၃ ထည်၊ မြန်မာနိုင်ငံကျောက်ဖြူအထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၀၊ May Yu Shopping Complex တည်ဆောက်ရေးမှ ငွေကျပ်သိန်း ၅၀၊ Fortune International Limited မှ ဆန်အိတ် ၃၀၀၊ Concordia International Co., Ltd. မှ ဆန်အိတ် ၁၀၀၊ Dagon International Limited မှ ဆန်အိတ် ၁၀၀ နှင့် အင်းပေါက်ကုမ္ပဏီမှ ဆန်အိတ် ၁၀၀၊ Golden Hawks International Ltd. မှ ငွေကျပ်သိန်း ၂၀၊ ဦးအောင်ဇော်နိုင်က ၁၀ သိန်း၊ ဒေါ်မြတ်ချိုဝင်း၊ AungGyi Trading Co., Ltd. ၊ မိုးထက်ကမ္ဘာကုမ္ပဏီလီမိတက်နှင့် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်တို့က ငါးသိန်းစီနှင့် TheikdiHtet Trading Co., က အဝတ်အထည် ၂၀၀ တို့ကို ထောက်ပံ့ကူညီလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စေတနာရှင်အလှူရှင်များလှူဒါန်းသော အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လက်ခံရယူစဉ်။**



# မောင်တောဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၆**
ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် ဒေသခံတိုင်းရင်းသားများအတွက် ပြည်ထောင်စုအစိုးရ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကူညီထောက်ပံ့သော စားနပ်ရိက္ခာများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောဒေသ မင်္ဂလာညွန့်ကျေးရွာနှင့် တမန်းသားကျေးရွာများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကူညီထောက်ပံ့လှူဒါန်းသည်။



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ မင်္ဂလာညွန့်ကျေးရွာဒေသခံများအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးစဉ်။**

ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တမန်းသားကျေးရွာသို့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြပြီး ဒေသတွင်းရှိ တိမ်းရှောင်နေသူများအတွက် ဆန်၊ ပဲ၊ ငရုတ်သီးခြောက်၊ ငါးပိ၊ ကြက်သွန်၊ ငါးနီတူခြောက်တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်၊ ဒိုင်းနက်နှင့် သက်လူမျိုးအများစုနေထိုင်သော မင်္ဂလာညွန့်ကျေးရွာသို့ သွားရောက်ကာ စားနပ်ရိက္ခာများကို ကူညီထောက်ပံ့ပေးပြီး ဒေသခံတိုင်းရင်းသားများအား အားပေးစကား ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်တွင် ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများထဲမှ နေရပ်ခေတ္တပြန်လိုသော ပညာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုနာမကျန်းများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ရဟတ်ယာဉ်ဖြင့် ဆန္ဒပြုရာနေရာသို့ ပြန်လည်ခေါ်ယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာမှ နေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းစဉ် မသင်္ကာသူ ငါးဦးဖမ်းဆီးရမိခဲ့ပြီး မွန်းလွဲပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သော ကျေးရွာမှ နေအိမ်များအား မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပချီးယားတန်းကျေးရွာနှင့် ပညောင်ပင်ကြီးကျေးရွာတို့အား ယနေ့နံနက် ၁၁ နာရီခွဲခန့်က နယ်မြေရှင်းလင်းစဉ် မသင်္ကာသူ ငါးဦးအား ဖမ်းဆီးရမိခဲ့သဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မြို့မကညင်တန်းအုပ်စု ဒီပါလိရာကျေးရွာမှ နေအိမ်များအား ယနေ့မွန်းလွဲ ၁ နာရီခွဲက မီးရှို့ဖျက်ဆီးခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ပေးမှုကြောင့် နေအိမ်သုံးလုံးသာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ရခိုင်ပြည်နယ်မြောက်ခြမ်း အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုကြောင့် ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၈၇ ဦး အသေရရှိပြီး ၃၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း၊ ကျေးရွာပေါင်း ၆၀ နှင့် အိမ်ခြေ ၆၈၄၅ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များ သိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သောသတင်းအဖွဲ့ မောင်တောမြို့၌ ဒုတိယအကြိမ် သတင်းရယူ

**မောင်တော စက်တင်ဘာ ၆**
ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းများ



ရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့်လိုက်ပါပြီး ဘူးသီးတောင်မြို့မှတစ်ဆင့် မောင်တောမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

သတင်းအဖွဲ့အား မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့က ဒေသအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းအဖွဲ့၏ မေးမြန်းမှုများကို ဖြေကြားကြသည်။

ယင်းနောက် သတင်းအဖွဲ့သည် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာသော ဟိန္ဒူဘာသာဝင်များ ခေတ္တခိုလှုံနေသည့် မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်သတင်းရယူကြသည်။

အဆိုပါ နေရာတွင် ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၆၅ စုမှ လူဦးရေ ၃၄၈ ဦး ခေတ္တခိုလှုံနေပြီး ၎င်းတို့နေအိမ်များအား အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ခြင်းနှင့် လူအုပ်စုနှင့် ရန်ပြုလာခြင်းတို့ကြောင့် ၎င်းတို့နေထိုင်ရာ ရပ်ကွက်(၄)မှ ရွှေ့ပြောင်းလာကြခြင်း ဖြစ်ကြောင်း သိရသည်။

**ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သောသတင်းအဖွဲ့ မောင်တောမြို့၌ ဒေသခံများထံမှ သတင်းရယူနေကြစဉ်။**

ထို့နောက် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု ဂုံနားကျေးရွာသို့ သွားရောက်သတင်းယူကြသည်။

အဆိုပါ ကျေးရွာအုပ်စုတွင် အစ္စလာမ်ဘာသာဝင် ၁၄၀၀၀ ခန့်နေထိုင်ကြကာ ၎င်းကျေးရွာအုပ်စုမှာ တည်ငြိမ်အေးချမ်းပြီး အစွန်းရောက်အကြမ်းဖက်သမားများ မရှိကြောင်း၊ ကျေးရွာအတွင်း ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆက်လက်၍ မောင်တောမြို့မ ကညင်တန်းရပ်ကွက်ရှိ ဇောတိကာရုံဘုန်းကြီးကျောင်းအနီး မီးလောင်ပျက်စီးနေသောနေအိမ်များကို ဓာတ်ပုံမှတ်တမ်းရယူကြသည်။

ထို့နောက် ဇောတိကာရုံဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးဇောတိကနှင့် တွေ့ဆုံမေးမြန်းသတင်းရယူခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**✱ ရခိုင်ပြည်နယ်မှ**
ပြန်လည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် တိုက်တွန်းလိုပါကြောင်း။

ယခုဖြစ်ပွားနေသည့် အကြမ်းဖက်မှုများမှာ ယခင်ဖြစ်စဉ်များနှင့်မတူထူးခြားကြောင်း၊ ယခင်ကလူ့အသိုက်အဝန်းနှစ်ရပ်အကြားရှိ ပဋိပက္ခမျိုးသာဖြစ်သော်လည်း ယခုဖြစ်စဉ်မှာ နယ်မြေသိမ်းပိုက်ခွဲထွက်ရန် ရည်ရွယ်၍ နည်းဗျူဟာများချမှတ်ကာ အကြမ်းဖက်တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာ၌ ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများ၊ အစိုးရနှင့်ပူးပေါင်းသူများနှင့် ၎င်းတို့သြဇာခံမဟုတ်သူများ၊ အခြားဘာသာဝင်များနှင့်တိုင်းရင်းသားများအား သတ်ဖြတ်ခြင်းဖြင့် ယင်းနယ်မြေမှ တိုင်းရင်းသားများစွန့်ခွာသွားစေရန် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုမှန်သမျှကို ကာကွယ်တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရန် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်နေကြောင်း။

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့်ပတ်သက်၍ ပြောကြားရာတွင် အကြံပြုချက်များကို ပကတိမြေပြင်အခြေအနေပေါ်မူတည်၍ အပြည့်စုံဆုံးနှင့်အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကနဦးအဆင့်အနေဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့်ဦးဆောင်သည့် ကော်မတီသစ်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကော်မတီကို အထောက်အကူပြုရန် ပြည်တွင်းပြည်ပမှ ထင်ပေါ်ကျော်ကြားသည့် ကျွမ်းကျင်သူများပါဝင်သည့် အကြံပေးဘုတ်အဖွဲ့တစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အကြမ်းဖက်မှုဖြစ်ပွားပြီးသည်နှင့်တစ်ပြိုင်နက် အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်း၍ ထိခိုက်ခံခဲ့ရသော ကျေးရွာများနှင့် နေရပ်စွန့်ခွာခဲ့ရသူများထံသို့ Air Myanmar Aviation Services ကုမ္ပဏီမှ ပံ့ပိုးပေးထားသည့် ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခြင်း၊ အားပေးနှစ်သိမ့်ခြင်း၊ ကျန်းမာရေး၊ လုံခြုံရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကွဲကွာနေသောမိသားစုဝင်များပြန်လည်ပေါင်းစည်းနိုင်ရေးအတွက်ဆက်သွယ်ဖြေရှင်းဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ယခုအခါ အစိုးရအနေဖြင့် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ၍ တိမ်းရှောင်နေကြရသည့် ဒေသတွင်းနေထိုင်သူများအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထိရောက်စွာ ပေးအပ်နိုင်ရန် အလှူရှင်နိုင်ငံများမှ လှူဒါန်းမှုများကို ပြည်ထောင်စုအစိုးရမှလက်ခံ၍ ပြည်ထောင်စုအစိုးရ၏လမ်းညွှန်ကြီးကြပ်မှု၊ ပြည်နယ်အစိုးရ၏စီမံခန့်ခွဲမှု၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့တို့၏ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဖြန့်ဖြူးပေးရန်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်တို့က သတင်းမီဒီယာများက မေးမြန်းသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်သည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပသတင်းဌာန ၅၇ ဌာနမှ သတင်းထောက် ၇၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသူများနှင့် ကယ်ဆယ်ရေးစခန်းများမှ ဒေသခံပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၆**
ရခိုင်ပြည်နယ်မြောက်ခြမ်းတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေကြသည့် ဒေသခံပြည်သူများအား တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် ဩဂုတ် ၂၅ ရက် မှ စက်တင်ဘာ ၄ ရက်အထိ ဆန်အိတ် ၂၉၁၀၊ ဆီ ၄၀၅၅ ပိဿာ၊ ဆီ ၁၄၃ လီတာ၊ ဆီပုံး ၁၄၀ နှင့် ဆီ ၆၇၅ ဘူး၊ ဆား ၁၃၇၆ ပိဿာ၊ ဆားအိတ် ၉၀ နှင့် ဆားဘူး ၉၀၊ ပဲ ၁၀၉၇၆ ပိဿာနှင့် ပဲအိတ်၊ ပဲဘူးများ၊ ကြက်အူချောင်း၊ ဝက်အူချောင်း ၁၄၆၃ ပိဿာ၊ အာလူး ၆၈၄ ပိဿာ၊ ကြက်သွန် ၁၈၃၅ ပိဿာနှင့် ၂၇ အိတ်၊ ငါးပိ ခုနစ်ပုံး၊ ငရုတ်သီးအိတ် ၁၅၀၊ ခေါက်ဆွဲ ၁၁၅၈၃၈ ထုပ်နှင့် ၂၉၅ ဖာ၊ ဆပ်ပြာခဲ ၁၈၀၀ နှင့် အဝတ်အထည် ၅၁၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

ထိုသို့ နေရပ်စွန့်ခွာသူများအား ကူညီထောက်ပံ့ပေးအပ်ရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းဆိုင်ရာ အခြေခံမူများနှင့်အညီ ခွဲခြားမှုမရှိဘဲ ပြည်တွင်း၊ ပြည်ပအလှူရှင်များမှ ပူးပေါင်းပါဝင်ကူညီထောက်ပံ့နိုင်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်တီမှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာရက်ကန်းထည်များ ခင်းကျင်းပြသထားသည့် လက်ခတ်သံ ပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဗြိတိသျှကောင်စီနှင့် Swiss Agency for Development and Cooperation, Embassy of Switzerland တို့က စီစဉ်ကျင်းပသော မြန်မာရိုးရာရက်ကန်းထည်ဆိုင်ရာပြပွဲဖြစ်သည့် "လက်ခတ်သံ"ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ပြုလုပ်သည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြတိုက်အကြံပေးပညာရှင် ဒေါက်တာနုမြဖံက "ပြတိုက်တွေဟာ သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနတန်ဖိုး၊ အနုပညာလက်ရာတန်ဖိုးစတဲ့ တန်ဖိုးတစ်ခုခုရှိမှ ပြတိုက်ပစ္စည်းအဖြစ်နဲ့ စုဆောင်းပြသရပါတယ်။ အခုပြုလုပ်တဲ့ လက်ခတ်သံပြပွဲဟာ အမျိုးသားပြတိုက်ရဲ့ မူဝါဒနဲ့ ကိုက်ညီပြီးတော့ အမျိုးသမီးရက်ကန်းပညာရှင်တွေအတွက် အလွန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ရုံသာမက လာရောက်ကြည့်ရှုတဲ့ အများပြည်သူကိုလည်း မြန်မာ့လက်ရာအထည်တွေရဲ့ ဒီဇိုင်းနဲ့ အရည်အသွေးကို အံ့သြဝမ်းသာဂုဏ်ယူခွင့်ပေးတဲ့ ပွဲလည်းဖြစ်ပါတယ်" ဟု ပြောသည်။

"လက်ခတ်သံ"ပြပွဲ၏ အခင်းအကျင်းများကို ဆန်းဖလားဝါး လူမှုစီးပွားရေးလုပ်ငန်း၏ ပူးတွဲတည်ထောင်သူ အထည်အလိပ်ဒီဇိုင်းပညာရှင် ဒေါ်ဖြူအိသိမ်းက တာဝန်ယူတင်ဆက်ထားခြင်းဖြစ်သည်။ မြန်မာ့ရိုးရာရက်ကန်းထည်များ၏ အခန်းကဏ္ဍကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထင်ရှားစေရန်၊ အမျိုးသမီးရက်ကန်းပညာရှင် များအတွက် ဆန်းသစ်သော စီးပွားရေးလုပ်ငန်းပုံစံသစ်များ ဆွေးနွေးရှာဖွေကြရန်နှင့် မြန်မာ့ရိုးရာ ရက်ကန်းထည်ကဏ္ဍ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သော အဖြေများရှာဖွေကြရန် ရည်ရွယ်ပြသခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မန္တလေး အမရပူရ၊ ရှမ်းပြည်နယ် အင်းလေး၊ ညောင်ရွှေ၊ တောင်ကြီးနှင့် ချင်းပြည်နယ် စသည့် ဒေသများမှ Royal College Art (London) ကျောင်းသားများနှင့် ဒေသခံပညာရှင်များက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ၎င်းတို့၏ လေ့လာရေးခရီးစဉ်အတွင်း စုဆောင်းထားသော အထည်နှင့် လက်ရာမျိုးစုံကို ခင်းကျင်းပြသထားမည်ဖြစ်သည်။

ယနေ့စတင်ကျင်းပသည့် "လက်ခတ်သံ"ပြပွဲသည် ယခုနှစ် မေလအတွင်းက လန်ဒန်တွင်ကျင်းပခဲ့သော "On the Line: New perspectives on craft in Southeast Asia exhibition in London" ပြပွဲ၏ နောက်ဆက်တွဲပြပွဲဖြစ်သည်။ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် Royal College of Art (UK) မှ ကျောင်းသားများနှင့် ဒေသခံသုတေသီတို့ ကွင်းဆင်းလေ့လာမှုမှ စုဆောင်းခဲ့သော ဒေသဆိုင်ရာ ရက်ကန်းထည်များနှင့် အရှေ့တောင်အာရှရှိ လက်မှုပညာရှင် အမျိုးသမီးများအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို တင်ပြခြင်းတို့ ပါဝင်ခဲ့သော လန်ဒန်ပြပွဲ၏ နောက်ဆက်တွဲပြပွဲပင်ဖြစ်သည်။

လက်ခတ်သံပြပွဲသို့ အများပြည်သူ ကြည့်ရှုနိုင်ရန် ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီသီမင်း)**





# စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**မင်းလှ စက်တင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အင်းဘုတ်ကုန်းကျေးရွာ၌ ဒေသငါးမွေးမြူထုတ်လုပ်မှုတိုးတက်လာရေးအတွက် စိုက်ပျိုးပြီးစပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဒေသခံတောင်သူများနှင့်အတူ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးခင်ထွန်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တောင်သူများ စုပေါင်းပါဝင်ကာ စပါးစိုက်ခင်းများအတွင်းသို့ ငါးခုံးမ၊ တီလားဗီးယားငါးသားပေါက် စုစုပေါင်းကောင်ရေ တစ်သိန်းခွဲကို ငါးမျိုးစိုက်ထည့်ကြသည်။

ယခုကဲ့သို့ စိုက်ပျိုးပြီးစပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းဖြင့် စပါးများလည်းဖြစ်ထွန်းသလို ငါးထွက်ကုန်လည်း တိုးတက်လာပြီး ငါးစားသုံးမှုဖူလုံလာစေမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# နှမ်းနက်စိုက်ပျိုးထုတ်လုပ်မှု ကွင်းသရုပ်ပြ

**နတ်မောက် စက်တင်ဘာ ၆**
နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသအတွင်း နှမ်းနက်စိုက်ပျိုးထုတ်လုပ်မှုများ အရည်အသွေးမြှင့်တင်ပို့နိုင်ရန် ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက တမာပင်ရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း ဆောင်ရွက်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်မြင့်က နှမ်းစိုက်ပျိုးတောင်သူများအား လက်တွေ့သရုပ်ပြရှင်းလင်းခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါကွင်းသရုပ်ပြပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံများ၊ NAG (Network Activities Group)အဖွဲ့ဝင်ဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

## မဲဒီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆။** ။နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ထောက်ပံ့ငွေကျပ် ၂၇၆၉၂၂၈၀ ကို လူနေမှုစွမ်းဆောင်ရည်နှင့် ဝင်ငွေတိုးပွားရေးအတွက် စသဖြင့် ခွဲဝေသုံးစွဲခဲ့သည်။ မတ်လမှစတင်၍ အလျား ၈၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်းအရှည်ပေ ၁၀၂၀၊ အကျယ် တစ်ပေ၊ အမြင့် နှစ်ပေကို ကျေးရွာ SMU ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ၏လုပ်အားဖြင့် ဆောင်ရွက်လျက်ရှိခဲ့ပြီး ယခုအခါတွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မဲဒီးကျေးရွာ SMU ဥက္ကဋ္ဌ ဦးအောင်ထွန်း၏ ပြောပြချက်အရ သိရသည်။ **မင်းမင်းလတ်(ရုပ်ပေဒ)**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆။** ။ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဝေါ့မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ရေနီနယ်ခြားကျောက်တိုင်စေတီ

သောင်းကေတု

မိုးလေကင်းစင်၍ သာယာသော ဩဂုတ် ၁၇ ရက်က ကျွန်တော်တို့အဖွဲ့ ရေနီမြို့ နယ်ခြားကျောက်တိုင်စေတီသို့ သွားရောက်ခဲ့ကြသည်။ ရှေးဟောင်းသုတေသန ပဲခူးဌာနခွဲ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း၊ ဦးဟန်ရှိန်နှင့် တောင်ငူမှ ဒေါက်တာမာမာဝေတို့ကို ကျွန်တော်က လိုက်လံပြသပါသည်။

ထိုစေတီရှိမှန်းကို ၂၀၁၀ ပြည့်နှစ်က ယခင် ရေနီစက္ကူစက်ရုံ ဆရာဝန် ဒေါက်တာ မောင်မောင်သိန်းလိုက်ပြ၍ ပထမဆုံး သိရပါသည်။ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မိမိတို့စစ်ရှုံးသဖြင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ အောင်လံမှ စစ်တောင်းမြစ်အနောက်ဘက်ကမ်းရှိ ရေနီပေါင်းလောင်းတောင်ထိပ် ကရင်နီနယ်(ယခုကယားပြည်နယ်)အထိ အင်္ဂလိပ်တို့က တစ်ဖက်သတ် နယ်နိမိတ်သတ်မှတ်ကာ သိမ်းယူခဲ့သည်။

၁၈၅၂ ခုနှစ်တွင် တောင်ငူနှင့် ပြည်မြို့များအထိ သိမ်းယူခဲ့ပြီး မြန်မာဘုရင်ပုဂံမင်းနှင့် စစ်ရပ်စဲစာချုပ်ချုပ်ဆိုရန် စောင့်ဆိုင်းနေခဲ့သည်။ ထိုအချိန်တွင် ပုဂံမင်းကို နန်းချပြီး မင်းတုန်းမင်း နန်းတက်လာသည်။ စစ်ရပ်စဲစာချုပ်ကိုလည်း မင်းတုန်းမင်းက လက်မှတ်မထိုးခဲ့ချေ။ ပဲခူးရိုးမရှိ ကျွန်းတောကြီးများကို မျက်စိကျနေသော အင်္ဂလိပ်တို့က မြေထဲ၊ သရက်အထိ တိုးချဲ့သိမ်းယူခဲ့သည်။ မြေထဲတွင် တပ်စွဲထားသော မေဂျာဂရန့်အာလံ(Major Grant Allan)က မြောက်ဘက်ခြောက်မိုင်အကွာ ဒဂုံမော်ရွာမှ အရှေ့ဘက် စစ်တောင်းမြစ်ဘေးရှိ ရေနီကိုဖြတ်၍ ပေါင်းလောင်းတောင်ထိပ်အထိ မြောက်လတ္တီကျု ၁၉ ဒီဂရီ ၂၉ မိနစ် ၃ စက္ကန့်ကို မျဉ်းဆွဲပြီး နယ်နိမိတ်သတ်မှတ်ခဲ့သည်။ ဧရာဝတီမြစ် အနောက်ဘက်တွင်လည်း ရခိုင်ရိုးမတောင်ထိပ်အထိ ကျောက်တိုင်စိုက်ထူသည်။ ကျောက်တိုင်တွင် ကမ္ပည်းထိုးထားသည်မှာ "သည်ကျောက်တိုင်သည် ပဲခူးတိုင်းပြည်ကြီး၏မြောက်ဘက် အစွန်ဆုံးနယ်မြေအပိုင်းအခြားဖြစ်သည်။ ယင်းကျောက်တိုင်ကိုလည်း ဣန္ဒိယတိုင်းကြီး ပြည်ကြီးကို အုပ်စိုးစီရင်တော်မူသော ဒလှူဇီဘုရင်မင်းမြတ်ကြီး ကိုယ်တော်တိုင်ကြည့်ရှုတော်မူသဖြင့် ၁၂၁၅ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်တွင် စိုက်ထားတော်မူခဲ့သည်။ သည်ကျောက်တိုင်နယ်မြေသည်လည်း ယင်းနေရာမှ အရှေ့စူးစူး လေးတူးကွဲရွာနားရှိ ကျေးနီချောင်းကိုဖြတ်၍ ရိုးမတောင်ထိပ်ပေါ်ရှိ တက်တဲကုန်းရွာကိုကျော်သဖြင့် စစ်တောင်းမြစ်အောက်မပေါ်ရွာသို့ ရောက်သည်။ ယင်းနေရာမှတစ်ဖန် အရှေ့စူးစူး ပေါင်းလောင်းတောင်ထိပ်သို့ ရောက်သည်။" ဟု ပါရှိပြီး ၂၈-၁၂-၁၈၅၃ တွင် စိုက်ထူကြောင်း သိရသည်။ ဧရာဝတီအနောက်ဘက်ကမ်းတွင်လည်း ယင်းကျောက်တိုင်သည် အနောက်စူးစူး လက်မဆေးတောင်၊ ဘိုးတော်တောင်၊ ပန်းတင်တောင်၊ တင်ဘုတ်တောင်ရိုးပေါ်သို့ဖြတ်၍ ရခိုင်ရိုးမ ရေဝေရေလဲနယ်အထိ စိုက်ထူထားခဲ့သည်။

**အတိတ်ကာလသမိုင်းတို့ကို သင်ခန်းစာယူပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ပေါက်ဖွားကာ နိုင်ငံတော်ကို ကာကွယ်နိုင်စေရန် ကြိုးစားဆောင်ရွက်ကြပါစေကြောင်း ...**

သရက်ခရိုင် ဂေဇက်တီးယားတွင် ကျောက်တိုင်နေရာ အကွာအဝေးများကို အတိအကျဖော်ပြထားသည်။ (၁) ဒဂုံမော်၊ (၂) သရက်အုပ် ၂ မိုင် ၅၂၆ ကိုက်၊ (၃) ကျောတန်း ၂ မိုင် ၃၄၆ ကိုက်၊ (၄) ရေနံ့ဂျီး ၂ မိုင် ၂၅ ကိုက်၊ (၅) မောက်တင် ၆ မိုင် ၃၃၀ ကိုက်၊ (၆) လေးတူးကွဲ ၄ မိုင် ၁၂၀၀ ကိုက်၊ (၇) လက်ပံဇင် ၁၀ မိုင် ၈၆၀ ကိုက်၊ (၈) မြေနီကုန်း ၃ မိုင် ၁၃၂၀ ကိုက်၊ (၉) ကတန်လှ ၅ မိုင် ၁၃၈၀ ကိုက်၊ (၁၀) ကတန်မက်ညို ၃ မိုင် ၆၀ ကိုက်၊ (၁၁) ကတန်မသာ ၁ မိုင် ၁၂၁၀ ကိုက်၊ (၁၂) တပုလိုင်း ၂ မိုင် ၉၈၀ ကိုက်၊ (၁၃) ညောင်ပင်ဝိုင်း ၇ မိုင် ၁၃၈၈ ကိုက်၊ (၁၄) တက်တဲ ၇ မိုင် ၁၂၇၀ ကိုက် ရိုးမပေါ်ရှိ တက်တဲသည် သရက်ခရိုင်နှင့် တောင်ငူခရိုင်နယ်ခြားဖြစ်သည်။ တောင်ငူနယ်မှ ကျောက်တိုင်စာရင်း မတွေ့ရပါ။ သရက်ဘက်ကမ်းတွင် (၁) အိမ်လေးကုန်း၊ (၂) လက်မဆေးတောင် ၃ မိုင် ၈၉၃ ကိုက်၊ (၃) သရက်မြိုင် ၅ မိုင် ၁၃၃၀ ကိုက်၊ (၄) ဘိုးတော်တောင် ၅ မိုင်၊ (၅) ပန်းတင် ၅ မိုင် ၂၀၀ ကိုက်၊ (၆) ကျွဲဒေါက် ၄ မိုင် ၇၇၀ ကိုက်၊ (၇) တင်းဒေါက် ၄ မိုင် ၂၆၀ ကိုက်၊ (၈) ကျောက်တိုင် ၄ မိုင်၊ (၉) သံပုရာနိုင်၊ (၁၀) ခွန်ဒိုင်ကြီး၊ (၁၁) ခတက်မောက် ၃ မိုင် ၂၉၁ ကိုက်၊ (၁၂) ကျီးဒေါင် ၅ မိုင်တို့ဖြစ်သည်။

This Pillar marks the northern boundary of the British province of Pegu laid down by the officer of the Deputy Quartermaster General Staff forces in Pegu, and confirmed in person by the Marquis of Dalhousie, Knight of the Thistle, Governor General of India, on the 28th December 1853. The boundary line run due east from this point crossing Kan-nyee, Ledoo-gwai, over the Yoma range of hill at Tattay, down to the village of Mai-haw on the Sittoung river from where it proceeds due east to the summit of Poung-Loung range of mountain. Lattitude 19º 29' 3".

ဂေဇက်တီးယားတွင် ရေးထားသော အသုံးအနှုန်း စာလုံးပေါင်းများမှာ ယခုခေတ်နှင့်မတူပါ။ A နေရာတွင် O ကို သုံးကြသည်။ ဥပမာ MAUNG ကို MOUNG နှင့်ပေါင်းသည်။ ထင်ရှားသောသာဓကမှာ TOUNGOO ဖြစ်သည်။ ယခု TAUNGOO ပြောင်းသုံးသော်လည်း တောင်ငူသားများက O နှင့်သာ ပေါင်းပါသည်။ သရက်ဂေဇက်တီးယားတွင် စစ်တောင်းမြစ်ကို စစ်အောင်မြစ်ဟု မှားသုံးထားသည်။

၁၈၅၂ ခုနှစ်နောက်ပိုင်းတွင် အောက်မြန်မာပြည်က တော်လှန်ရေးသမားများပေါ်ထွက်ခဲ့ပြီး စစ်ရေးမလှလျှင် ကျောက်တိုင်၏မြောက်ဘက် မြန်မာဘုရင်ပိုင်နယ်သို့ ခိုလှုံလေ့ရှိကြသည်။ ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ် စစ်တမ်းတွင် တောင်ငူခရိုင်တွင် အရန် ၅၂ မြို့ရှိသည်။ ဒုတိယစစ်ပွဲအပြီးတွင် မြို့ ၄၀ မှာ ဆုံးရှုံးသွားပြီး ၁၂ နယ်သာ မြန်မာဘုရင်ပိုင်နယ်တွင် ကျန်ရစ်သည်။ ၎င်းတို့မှာ လယ်ဝေး၊ နင်းကြမ်း(ပျဉ်းမနား)၊ ကျည်တောင်၊ တောင်ညို၊ ရန်အောင်မြင်၊ ဇေယျာသိန်၊ မင်းပြင်၊ ဝက္ကမူ၊ ကျောက်ချက်၊ လယ်မ၊ ချောင်းဝ၊ တောင်ဝင်းတို့ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က တောင်ငူဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါသော ဆေးကုသရေးအဖွဲ့နှင့် ရေနီအထကတွင် ကွင်းဆင်းကုသခဲ့ကြသည်။ မိတ်ဆွေကြီး ဒေါက်တာ မောင်မောင်သိန်းနှင့် စကားစပ်မိရင်း ရေနီနယ်ခြားကျောက်တိုင်အကြောင်း ပြောဖြစ်သည်။ လွတ်လပ်ရေးရအပြီး ကျောက်တိုင်ကို ဖြိုဖျက်လိုက်သည်။ ထိုနေရာတွင် စေတီတစ်ဆူတည်ထားသည်ဟု သိရသည်။ တောင်စဉ်အေးသကြားစက် ဝန်ထမ်းအိမ်ရာအနီးတွင် ရှိသည်။ ရထားလမ်းကိုဖြတ်ကျော်ပြီး ကုန်းကလေးပေါ်တွင် စေတီနှစ်ဆူကို ဖူးတွေ့ရသည်။ မြောက်ဘက်က စေတီမှာ ရန်အောင်မြင်ဟု ဘွဲ့တော်တပ်ထားသည်။ မူလကျောက်တိုင်နေရာမှာ ၁၃၁၃ ခုနှစ်က အထိမ်းအမှတ်ပြု တည်ထားခြင်းဖြစ်သည်။ လေးထောင့်ကျောင်းဆောင်ပေါ်တွင် စေတီပေါက်ထားပြီး ဉာဏ်တော် ၁၈ ပေခန့်မြင့်ပါသည်။ စေတီ၏ တောင်ဘက်မျက်နှာတွင် အောက်ဗမာပြည်၊ မြောက်ဘက်မျက်နှာတွင် အထက်ဗမာပြည်ဟု ကမ္ပည်းရေးထိုးထားသည်။

ထိုအချိန်အခါတုန်းက ဗြိတိသျှပိုင်နက်နှင့် ဗမာဘုရင်ပိုင်နယ် ယခုတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး နယ်ခြားဖြစ်ပါသည်။ ၁၈၅၃ ခုနှစ်က စိုက်ခဲ့သော ကျောက်တိုင်နေရာတွင် နှစ်တစ်ရာပြည့်သော ၁၉၅၂ ခုနှစ်တွင် ဤစေတီတည်ခဲ့သည်မှာလည်း ထူးခြားလှသည်။ ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်သင့်သော နေရာတစ်ခုဖြစ်ပါသည်။ မြေထိန်းနံရံတည်ဆောက်ပြီး အမှတ်အသားမော်ကွန်းကျောက်တိုင်စိုက်သင့်ပါသည်။ ဤနေရာ၏ မြောက်ဘက်သကြားစက်၏ဘေးမှ အရှေ့သို့သွားသော လမ်းတစ်လမ်းရှိပါသည်။ စစ်တောင်းမြစ်ကူးတံတားကို ကျော်သောအခါ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲကို အစပျိုးခဲ့သော သစ်ကြိမ်းကြီးရွာရှိပါသည်။ သစ်ကြိမ်းကြီးသစ်တောမှ ကျွန်းသစ်အလုံးရေ ငါးသောင်းကျော်ခိုးထုတ်သည့် ဘုံဘေဘားမားကုမ္ပဏီကို ဒဏ်ရိုက်ရာမှ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲစခဲ့ရခြင်းဖြစ်သည်။ ရှေ့ကိုဆက်သွားပါက မဲဟော်သစ်တောကြိုးဝိုင်း ဆိုင်းဘုတ်ကို တွေ့ရသည်။ နယ်ခြားကျောက်တိုင် စိုက်ရာတွင်ပါသော ဘောမဲဟော်ဆိုသော ဒေသပင်ဖြစ်ပါသည်။

အတိတ်ကာလသမိုင်းတို့ကို သင်ခန်းစာယူပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ပေါက်ဖွားကာ နိုင်ငံတော်ကို ကာကွယ်နိုင်စေရန် ကြိုးစားဆောင်ရွက်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# မြစ်ကြီးနား-ပူတာအိုလမ်းပိုင်း ကတ္တရာလမ်းဖောက်လုပ်မှုပြီးစီး၍ ကုန်စည်စီးဆင်းမှုအားကောင်း

**မြစ်ကြီးနား စက်တင်ဘာ ၆**

မြစ်ကြီးနား-ပူတာအိုလမ်းပိုင်း ကတ္တရာလမ်းဖောက်လုပ်မှု ပြီးစီးပြီဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ ကုန်စည်စီးဆင်းမှု အားကောင်းလာပြီဖြစ်ရာ ယခုနှစ် မိုးတွင်းကာလတွင် ပူတာအိုမြို့၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့သည်ဟု ဒေသခံများထံမှ သိရသည်။

မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ ဆက်သွယ်ထားသော မြစ်ကြီးနား-ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပိုင်းကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့များနှင့် တင်ဒါလမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းတံတားဘောင်ချဲ့ခြင်း၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းဖောက်လုပ်ခြင်းများ ပြုလုပ်ပေးခဲ့ခြင်းကြောင့် ယခင်နှစ်များထက် ယခုနှစ် မိုးတွင်းကာလ၌ လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေး ပိုမိုအဆင်ပြေ ချောမွေ့လာသည်ဟု သိရသည်။

"အရင်က ၁၂ ပေအကျယ် ကျောက်ခင်းလမ်းကို အခု ကျွန်တော်တို့က ၂၃ ပေအကျယ် ကတ္တရာလမ်းခင်းပေးခဲ့တာပါ။ လမ်းအပြင် လမ်းမပျက်စီးအောင်နဲ့ ရေစီးရေလာကောင်းအောင်လို့ လမ်းဘေးမှာ ရေနုတ်မြောင်းလည်း ထည့်ဖောက်ခဲ့ပါတယ်။ မြောင်းကတော့ နှစ်ပေအကျယ် နှစ်ပေအနက်ပေါ့။ တောင်ကျရေ တအားဆိုးတဲ့နေရာတွေမှာတော့ ကျောက်စီရေနုတ်မြောင်းလုပ်ပြီး သိပ်မဆိုးတဲ့နေရာမှာတော့ မြေသားမြောင်းပဲ ဖောက်ထားတာပါ။ အခု ဒီလမ်းပြီးသွားတော့ ခရီးသွားတဲ့သူတွေအနေနဲ့ ပိုအဆင်ပြေသွားကြမှာပါ။ ကျောက်ခင်းလမ်းကနေ ကတ္တရာလမ်းဖြစ်သွားတော့ ရာသီမရွေး သွားနိုင်လာနိုင်ပြီဖြစ်ပါတယ်"ဟု လမ်းအထူးအဖွဲ့(၁)မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲအောင်က ပြောသည်။

ယခင် ကျောက်ခင်းလမ်းအဆင့်သာ ရှိသေးသည့်အချိန်က နွေရာသီနှင့် ဆောင်းရာသီ နှစ်ရာသီသာ သွားလာနိုင်ပြီး မိုးတွင်းကာလများတွင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲကာ ကုန်စည်စီးဆင်းမှုမရှိသလောက်ဖြစ်သောကြောင့် မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ သွားရာလမ်းတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်ဈေးနှုန်း အလွန်မြင့်မားကြောင်း သိရသည်။



ယခုကဲ့သို့ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့် ဖောက်လုပ်ပြီးစီးသွားသည့်အတွက် မိုးတွင်းကာလတွင် သွားလာရ အဆင်ပြေ လွယ်ကူချောမွေ့လာပြီး ကုန်စည်စီးဆင်းမှု ရှိခြင်းကြောင့် ဒေသခံပြည်သူလူထု၏ အခြေခံ စားသောက်ကုန်ဈေးနှုန်းများ ယခင်နှစ်များကဲ့သို့ မြင့်တက်သွားခြင်းမရှိကြောင်း ဒေသခံများက ဆိုသည်။

ယခင် မြေသားလမ်းအဆင့်သာရှိသောကာလနှင့် ကျောက်ခင်းလမ်းကာလများ၌ မိုးရာသီတွင် ပူတာအိုမြို့သို့ ပြေးဆွဲသော အတက်ကားမရှိသလောက်ပင်ဖြစ်သည်။ ပြေးဆွဲသော ကားတချို့မှာလည်း အခက်အခဲ လွန်စွာများပြီး နွေနှင့် ဆောင်းကာလများ၌ ရက်ပိုင်းသာသွားလာရသော ခရီးကို လနှင့်ချီသွားလာရကြောင်း သိရသည်။

"အရင်တုန်းကဆို ဒီပူတာအိုလမ်းက မြေသားလမ်းအဆင့်ပဲရှိတာလေ။ အဲဒီတုန်းက မိုးတွင်းမှာ အတက်ကားမရှိသလောက်ကို ရှားတယ်။ တက်တဲ့ကားကလည်း တစ်စီးတလေရှိပေမယ့် လနဲ့ချီပြီးသွားရတယ်။ နောက်ပြီး လမ်းမှာလည်း အခက်အခဲက အလွန်များတော့ ပူတာအို၊ ဆွမ်ပရာဘွမ်တို့မှာ ကုန်ဈေးနှုန်းက ခေါင်ခိုက်နေတာပဲ။ အခုတော့ ကတ္တရာလမ်းလေးဖြစ်သွားပြီ။ မိုးတွင်းလည်း သွားနိုင်လာနိုင်ပြီ။ ကုန်စည်စီးဆင်းမှု ရှိလာပြီး ကုန်ဈေးနှုန်းလည်း အတန်အသင့် တည်ငြိမ်သင့်သလောက် တည်ငြိမ်ကာ အရင်နှစ်တွေတုန်းကလောက် မိုးတွင်းမှာ ကုန်ဈေးနှုန်း အလွန်ကြီး တက်မသွားတာတွေ့ရတယ်။ အဲဒါက ဘာလဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့ ကုန်စည်စီးဆင်းမှု ရှိလာတယ်။ ဒါကြောင့် ကုန်ဈေးနှုန်းလည်း ကျသွားတာ။ လမ်းပန်းဆက်သွယ်ရေးကောင်းခြင်းရဲ့ အကျိုးရလဒ်လို့ ပြောရမှာပေါ့လေ"ဟု ပူတာအိုမြို့မှ ဒေသခံတစ်ဦးဖြစ်သူ ဦးနန်မွန်ဖုန်က ပြောသည်။

ယခင်က မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ သွားလာရာတွင် နွေရာသီနှင့် ဆောင်းရာသီတွင် ရက်ပိုင်းသာသွားလာရသော်လည်း မိုးတွင်းကာလတွင်မူ လချီကာသွားလာရခြင်း၊ လမ်းခရီးတွင် တောင်ကျချောင်းရေ စီးဆင်းမှုကြောင့် လမ်းပျက်စီးခြင်း၊ ဗွက်တန်းများ အလွန်များပြားခြင်း၊ မြေပြိုခြင်းတို့ကြောင့် ကားပျက်ခြင်း စသည့်အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကာ သွားလာရခြင်းကြောင့် ခရီးမတွင်ဘဲ လချီသွားလာရပြီး ကုန်စည်စီးဆင်းမှု အလွန်နည်းပါးခြင်းကြောင့် ဆွမ်ပရာဘွမ်မြို့နယ်နှင့် ပူတာအိုမြို့နယ် အစရှိသည့် မြစ်ကြီးနားမှ ပူတာအိုသို့ သွားရာလမ်းတစ်လျှောက်ရှိ မြို့များ၊ ရွာများ၌ ကုန်ဈေးနှုန်း အလွန်ကြီးမြင့်ကြောင်း သိရသည်။ **(မင်းမင်းဦး)**

# ရုရှားသမ္မတနှင့် တောင်ကိုရီးယားသမ္မတတို့ ပြုံယမ်းအရေးဆွေးနွေး

**မော်စကို စက်တင်ဘာ ၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်က တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်နှင့် တွေ့ဆုံခဲ့ပြီးနောက် ဒေသတွင်းလုံခြုံရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင်နှင့်တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ၎င်းကထုတ်ဖော်ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးက ရုရှားနိုင်ငံအရှေ့ဖျားဆုံးအပိုင်းရှိ ဗလာဒီဗိုစတုတ်ခ်မြို့တွင် ကျင်းပသည့် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့ကြပြီးနောက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရုရှားသမ္မတပူတင်က မြောက်ကိုရီးယား၏ နျူကလီးယားဒုံးလက်နက်များ စမ်းသပ်ပစ်လွှတ်မှုအပေါ် ရှုတ်ချပါကြောင်းပြောကြားခဲ့သည်။ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး စီးပွားရေးပိတ်ဆို့မှုများချမှတ်ကာ ဖိအားပေးမှုတို့ဖြင့် ပြဿနာကိုပြေလည်အောင် ဖြေရှင်းရန်ခက်ခဲပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများကလည်း မြောက်ကိုရီးယားနိုင်ငံအား ဘေးကျပ်နံကျပ်ဖြစ်စေနိုင်သည့်အဖြစ်မျိုးကို အတင်းအဓမ္မလုပ်ဆောင်ရန် မသင့်ကြောင်း သမ္မတပူတင်က ဆိုသည်။

ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား လျှပ်စစ်မီးနှင့် ဓာတ်ငွေ့များ ပူးပေါင်းထောက်ပံ့ခြင်းဆိုင်ရာ အစီအစဉ်တစ်ရပ်ကို သမ္မတပူတင်က ထုတ်ဖော်ပြောကြားသည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ် ရပ်တန့်စေရန်ရည်ရွယ်ပြီး ပြုံယမ်းအားထောက်ပံ့ပေးမည့် အဆိုပါအစီအစဉ်ကို ကြိုဆိုပါကြောင်း တောင်ကိုရီးယားသမ္မတက ဆိုသည်။

ယခုအချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကြောင့် လမ်းမှားရောက်လျက်ရှိကြောင်းနှင့် ယခုဖြစ်ပေါ်နေသော ဒေသတွင်းတင်းမာမှုများပြေလျော့စေရေးသည် အဓိကကျသောကိစ္စရပ်ဖြစ်ပါကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်က ပြောကြားခဲ့သည်။




**အင်န်အိတ်ချ်ကေ။**

# အာဖဂန်နစ္စတန်တွင် ပြန်ပေးဆွဲခံရသည့် ကြက်ခြေနီအဖွဲ့မှ ဝန်ထမ်းနှစ်ဦးပြန်လည်လွတ်မြောက်




**ကဘူး စက်တင်ဘာ ၆**

ယခုနှစ်အစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံတွင် ပြန်ပေးဆွဲခံရသည့် ကြက်ခြေနီဝန်ထမ်းနှစ်ဦး ပြန်လည်လွတ်မြောက်လာကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ယခုနှစ်ဖေဖော်ဝါရီ ၈ ရက်က အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း တာ့ခ်မင်နစ္စတန်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် ဂျော်ဇန်ပြည်နယ်တွင်အကူအညီပေးရေးပစ္စည်းများ ဖြန့်ဝေပေးနေစဉ် ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်။

ပြန်ပေးဆွဲမှုများသည် အာဖဂန်နစ္စတန်နိုင်ငံ၌ နှစ်ပေါင်းများစွာအတွင်း ကြုံတွေ့နေရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။

ပြန်ပေးဆွဲခံရသူအများစုမှာ အာဖဂန်နစ္စတန်နိုင်ငံသားများဖြစ်ပြီး ပြန်ပေးရွေးငွေရရှိရေးအတွက် ပြန်ပေးဆွဲခံရသူများဖြစ်ကာ နိုင်ငံတကာအဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားများနှင့် အာဖဂန်နိုင်ငံသားတို့ကိုလည်း ပြန်ပေးသမားများက ပစ်မှတ်ထားကြသည်။

**ရိုက်တာ။**

# အီရန်သမ္မတရိုဟာနီ ကာဇက်စတန်သို့ သွားရောက်မည်

**တီဟီရန် စက်တင်ဘာ ၆**

နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကိစ္စများ ဆွေးနွေးရန်အတွက် အီရန်သမ္မတဟက်ဆန်ရိုဟာနီသည် မကြာမီရက်များအတွင်း ကာဇက်စတန်နိုင်ငံသို့ တရားဝင်ခရီးသွားရောက်မည်ဟု တက်စ်နမ်သတင်းဌာနက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်သမ္မတရုံးအဖွဲ့ အကြီးအကဲ မာမွတ်ဘေဇီက အဆိုပါသတင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်အနည်းငယ်အတွင်း အီရန်သမ္မတ ရိုဟာနီသည် ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့သို့ သွားရောက်မည်ဟု ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့်လအတွင်းက အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်နှင့် ကာဇက်စတန် နိုင်ငံခြားရေးဝန်ကြီး ကိုင်ရက်အက်ဒက်မန်နော့ဗ်တို့ တွေ့ဆုံဆွေးနွေးစဉ် အီရန်နှင့် ကာဇက်စတန်နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများ နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အီရန်သမ္မတရိုဟာနီသည် မကြာမီကာလတွင် အာဖရိကတိုက်မှ နိုင်ငံအချို့သို့ တရားဝင်ခရီးသွားရောက်ရန်ရှိပြီး ၎င်းခရီးစဉ်များအတွက် အချိန်အတိအကျသတ်မှတ်ထားခြင်း မရှိသေးကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

# ဒီယာအယ်လ်ဇောမြို့အနီးရှိ အိုင်အက်စ်အဖွဲ့စခန်းအား ရုရှားရေတပ်ဖရီးဂိတ်သင်္ဘောက ခရုဇ်ဒုံးကျည်များဖြင့်ပစ်ခတ်

**မော်စကို စက်တင်ဘာ ၆**

ဆီးရီးယားနိုင်ငံ ဒီယာအယ်လ်ဇောမြို့အနီးရှိ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့၏ ဗဟိုကွပ်ကဲမှုစခန်း၊ ဆက်သွယ်ရေးအဆောက်အအုံနှင့် သံချပ်ကာယာဉ်များပြုပြင်သည့် အလုပ်ရုံများကို မြေထဲပင်လယ်အတွင်းရှိ ရုရှားရေတပ်ဖရီးဂိတ် စစ်ရေယာဉ်တစ်စင်းက စက်တင်ဘာ ၅ ရက်တွင် ခရုဇ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပစ်မှတ်များအဖြစ် ရွေးချယ်သတ်မှတ်ထားသည့် အိုင်အက်စ်တို့၏စခန်းများဆီသို့ ကာလီဘာအမျိုးအစား ခရုဇ်ဒုံးကျည်များပစ်လွှတ်ခဲ့ပြီး ယင်းဒုံးကျည်များသည် လမ်းကြောင်းအသီးသီးမှ ပစ်မှတ်များပေါ် ကျရောက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ခရုဇ်ဒုံးကျည်များသည် အိုင်အက်စ်တို့၏ကွပ်ကဲမှုဗဟိုဌာန၊ ဆက်သွယ်ရေးအဆောက်အအုံ၊ လက်နက်ခဲယမ်းသိုလှောင်ရုံနှင့် သံချပ်ကာယာဉ်ပြုပြင်ရေး အလုပ်ရုံတို့ကို ထိမှန်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**တာ့စ်။**



# မရမ်းကုန်းမြို့နယ်ရှိ Farmer Money Changer ဆိုင်အတွင်း သေနတ်ဖြင့် ပစ်ဖောက်ထွက်ပြေးသူ နှစ်ဦးနှင့် သေနတ်ရောင်းချပေးသူ နှစ်ဦးတို့အား ဖမ်းဆီးရမိ



**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Farmer Money Changer ဆိုင်တွင် လုယက်ရန်အကြံအစည်ဖြင့် သေနတ်ဖြင့် ပစ်ဖောက်ထွက်ပြေးသူနှစ်ဦးနှင့် သေနတ်ယူဆောင်ရောင်းချပေးသူနှစ်ဦးတို့အား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၅ ရက်က မရမ်းကုန်းမြို့နယ်ရှိ Farmer Money Changer ဆိုင်တွင် ဝန်ထမ်းဖြစ်သူ မိအိအိဝင်းအား အမျိုးသားနှစ်ဦးက အမေရိကန်ဒေါ်လာ ၃၀ ကို မြန်မာငွေနှင့်လဲလှယ်ပေးရန်ပြောဆိုသဖြင့် ကျသင့်မြန်မာငွေကျပ် ၄၀၈၀၀ အတွက် ကျပ် ၄၁၀၀၀ ပေးလိုက်ပြီး ပိုငွေကျပ် ၂၀၀ ကို ပြန်လည်တောင်းယူရာ အမျိုးသားတစ်ဦးက သေနတ်ထုတ်ပြပြီး ငွေလွှဲကောင်တာ တံခါးဖွင့်ခိုင်းစဉ် အခြားအမျိုးသမီး ဝန်ထမ်းတစ်ဦး ဆိုင်အတွင်းသို့ ထွက်ပြေးသွားသဖြင့် သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး အမျိုးသားနှစ်ဦးမှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများဖြစ်သည့် ပြည့်ဖြိုးသူ(ခ)ပြည့်သူ(၂၆)နှစ်အား ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင်လည်းကောင်း၊ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်(ခ)ကောင်းကောင်း(၃၀)နှစ်အား မကွေးမြို့ အဝေးပြေးကားဝင်းအတွင်းရှိ ရွှေပွင့်ဖြူ စားသောက်ဆိုင်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

သေနတ်ဝယ်ပေးသူ စောမြတ်သူ(ခ)မြတ်သူ(၂၇)နှစ်နှင့် သေနတ်ဝယ်ရာတွင် လိုက်ပါသူ မင်းမင်း(ခ) မင်းဟန်(၃၆)နှစ်တို့နှစ်ဦးအား တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းညောင်ရမ်းတောင်ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည်။

**(ကြေးမုံ)**

# မူဆယ်မြို့ အနီးကျေးရွာတွင် လက်လုပ်တိုက်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦးသေဆုံး

**မူဆယ် စက်တင်ဘာ ၆**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စယ်လန့်ကျေးရွာအုပ်စု မန်ကန်ရွာရှိ လူငယ်ဇရပ်အနီး၌ ယနေ့နံနက်ပိုင်းက အမည်မသိ လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသော လက်လုပ်တိုက်မိုင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အသက်(၄၅)နှစ်အရွယ် ပလောင်လူမျိုး ဦးအိုက်ရီ၏ ယာဘက်လက်ချောင်း၊ ခြေချောင်းများနှင့် ဝဲဘက်ခြေသလုံးတို့ကို မိုင်းထိမှန်ကာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ မူဆယ်မြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးအေးမြင့်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်စိုင်းရှူအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးနေစဉ် နံနက် ၉ နာရီတွင် မူဆယ်မြို့ စယ်လန့်အုပ်စု နမ့်ကတ်ရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆိုင်းဘုတ်အနီးတစ်ဝိုက်ရှိ လမ်းဘေးချုံအတွင်း အဝါရောင်တိပ်ဖြင့် ပတ်ထားသည့် မသင်္ကာဖွယ် အထုပ်သုံးထုပ်တွေ့ရှိရကြောင်း နမ့်ကတ်ကျေးရွာအုပ်ချုပ်ရေးမှူးက နယ်မြေခံတပ်သို့ ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားသဖြင့် မသင်္ကာဖွယ် အထုပ်သုံးထုပ်ကို စစ်ဆေးရှင်းလင်း ဆောင်ရွက်ခဲ့ရာ လက်လုပ်တိုက်မိုင်း အမျိုးအစားများ ဖြစ်ကြောင်းနှင့် မွန်းတည့်ချိန်တွင် သက်မဲ့လုပ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နှင့် အနီးကျေးရွာများ၏ ဝင်/ထွက်ပေါက်များအား မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ဇင်၏ လမ်းညွှန်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၁ နာရီက ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်အား ရှာဖွေရာ ခရီးသည် မပေါင်းနန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယမန်နေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ တော်ရွက်ရပ်ကွက် ကျော်စို့လုံ ငှားရမ်းနေထိုင်သည့် နေအိမ်အားရှာဖွေရာ ဘိန်းဖြူဘလောက်တုံး တစ်တုံး (အလေးချိန် သုည ဒသမ ၃၅ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်ဆောင်မူးယစ်ဆေးရောင်းချသူအား ဖမ်းဆီးရမိ

**လှိုင်းဘွဲ့ စက်တင်ဘာ ၆**



ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖော်ထုတ်ဖမ်းဆီးရာမှ လက်နက်ကိုင်ဆောင်၍ မူးယစ်ဆေးဝါး ရောင်းချသူတစ်ဦးအား သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဘားအံမြို့မရဲစခန်းထံ ဖြိုးဝေအောင်(ခ)ဟာမမ်(၂၅)နှစ်၏ ထွက်ဆိုချက်အရ လှိုင်းဘွဲ့မြို့နယ် ထီးဖိုးကိန်ကျေးရွာအုပ်စု ထီးဖိုးကိန်ကျေးရွာနေ စောရွှေထီး(၃၆)နှစ်အား သက်သေများနှင့်အတူ ဝင်ရောက်ဖမ်းဆီးရာ WY စိတ်ကြွဆေးပြား ၃၅ ပြားနှင့် ဆက်စပ်ပစ္စည်းများ၊ M-16 အမျိုးအစား သေနတ်တစ်လက်၊ ကျည် ၁၉ တောင့်ပါ ကျည်ဘောက်အတိုတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၄၁ စီး၊ သွင်းကုန်အစီး ၃၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၁၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်လေးစီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Hydraulic Oil (1×100)(10)Pkgs၊ Cycle Helment (1×10)(5)Pkgs၊ Cycle Brakeshoe(1×100)(5)Pkgs၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၃၀ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သွေးသည် အသက်

# လမ်းဘေးတွင်ရပ်နေသော ဆရာမအား အိမ်စီးကား ဝင်တိုက်

**လှည်းကူး စက်တင်ဘာ ၆**

ရန်ကုန်-ပဲခူးလမ်း ဒရယ်ဘိုကျေးရွာတွင် စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက အိမ်စီးကားက လမ်းဘေးတွင်ရပ်နေသော ဆရာမအား ဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် ရန်ကုန်-ပဲခူးလမ်းအတိုင်း ပဲခူးမှ ရန်ကုန်သို့ မြောက်ဥက္ကလာပမြို့နယ်နေ ယာဉ်မောင်း ကိုထက်အောင်ရှိုင်း(၂၆)နှစ် မောင်းနှင်လာသည့် 7D/----- ဟွန်ဒါဖစ်ယာဉ်သည် ဒရယ်ဘိုကျေးရွာ လမ်းလယ်ကျွန်းအမှတ်(၁၅၂) အရောက်တွင် ယာဘက်လမ်းအစပ်၌ ရပ်နေသော ဒရယ်ဘိုကျေးရွာ လှည်းကူးမြို့နေ ကျောင်းဆရာမ ဒေါ်ယဉ်မင်းဝေ(၂၉)နှစ် (လှည်းကူးမြို့ အထကကျောင်း)အား တိုက်မိခဲ့သဖြင့် ယာဉ်အနည်းငယ်ပျက်စီးပြီး ယာဉ်တိုက်ခံရသူ ဒေါ်ယဉ်မင်းဝေတွင် ပေါက်ပြဲဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်ကုသနေကြောင်း သိရသည်။ ယာဉ်မဆင်မခြင် မောင်းနှင်သူ ထက်အောင်ရှိုင်းအား ယာဉ်မှုစစ်တပ်ဖွဲ့စု (၆၇)လှည်းကူးက အရေးယူထားကြောင်းသိရသည်။

**သန်းဝင်း(လှည်းကူး)**



**နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းဗိုလ် သဲဖြူကျေးရွာ အမကကျောင်း၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်း ကျဆင်းရေးအတွက် စက်တင်ဘာ ပထမပတ်က အသိပညာပေးဟောပြောစဉ်။** မောင်လွင်(တပ်ကုန်း)

# ရှေ့ယာဉ်ကိုကျော်တက်သည့်ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ရာမှ သုံးဦးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၆**

စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ခိုမုန်းကျေးရွာ မြောက်ဘက် မိုင်တိုင်အမှတ်(၂၅၈/၂)အနီး၌ မူဆယ်မှ ကွတ်ခိုင်သို့ နမ္မတူမြို့နယ် ပန်လုံကျေးရွာနေ စိုင်းဆိုင်ဝမ်း(၂၇)နှစ် မောင်းနှင်ပြီး ဇနီး မဆိုင်ဟိန်းနှင့် သား စိုင်းထွန်းဟန်တို့လိုက်ပါလာသည့် ကန်တာ-၁၂၅ အနက်ရောင်ဆိုင်ကယ်သည် လားရာတူ ရှေ့မှမောင်းနှင်နေသည့် သီပေါမြို့နယ် ရွာသစ်ကျေးရွာနေ ကျော်စိန်(၂၄)နှစ် မောင်းနှင်သည့် တွန်ဟောက် 3C/---- (၂၂)ဘီးနောက်တွဲယာဉ်အားကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ရာ ယာဉ်၏ဝဲဘက်နောက်ဘီးဖြင့်ကြိတ်မိ၍ သုံးဦးစလုံး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ထို့ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သည့် စိုင်းဆိုင်ဝမ်းအား နမ့်ဖက်ကာရဲကင်းစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



# မန်ယူအဝတ်ကို ပြန်လည်မြင်တွေ့ရသဖြင့် ကျေနပ်မိကြောင်း နစ္စတယ်ရွိုင်းဆို




မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းက နည်းပြမော်ရင်ဟိုလက်အောက်တွင် ယခင်က မန်ယူအသင်းပုံစံအစစ်ကို ပြန်လည်မြင်တွေ့လာရသဖြင့် ကျေနပ်မိကြောင်း ဖွင့်ဟခဲ့သည်။ မန်ယူအသင်းသည် ယခုနှစ်နွေစျေးကွက်အတွင်း မာတစ်၊ လူကာကူနှင့် လင်ဒီလော့ဖ်တို့ကို ခေါ်ယူထားပြီးနောက် ရာသီအစ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲစလုံးအတွင်း ခြေစွမ်းတည်ငြိမ်မှုကိုပြသကာ ပေးဂိုးမဲ့အနေအထားဖြင့် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ထားနိုင်ဆဲဖြစ်သည်။

နစ္စတယ်ရွိုင်းသည် မန်ယူအသင်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ကစားခဲ့သူဖြစ်ပြီး ၂၁၉ ပွဲတွင် သွင်းဂိုး ၁၅၀ အထိ သွင်းယူပေးနိုင်သူဖြစ်သည်။ နစ္စတယ်ရွိုင်းက မော်ရင်ဟိုလက်အောက်တွင် မန်ယူအသင်း အတောင့်တင်းဆုံး လူအခင်းအကျင်းနှင့် လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ချီးမွမ်းစကားဆိုခဲ့ပြီး "ကျွန်တော့်စိတ်ထင် ဒါကမှ ယူနိုက်တက်ရဲ့ ယဉ်ကျေးမှုပုံစံပါ။ ပြီးခဲ့တဲ့ နှစ်ပိုင်းအတွင်းက ဒါမျိုးပျောက်ဆုံးနေခဲ့ပါတယ်။ ဒီလိုပုံစံမျိုးကို ပြန်မြင်ရတာက တကယ်ကို ကောင်းပါတယ်။ ပြီးခဲ့တဲ့နှစ်က ဖလားတွေရယူပြီး အောင်ပွဲခံနိုင်တာကိုကြည့်ရတာလည်း တကယ်ကိုကောင်းပါတယ်"ဟု ဆိုခဲ့သည်။

နစ္စတယ်ရွိုင်းက မန်ယူအသင်းမှာ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကထက် ပိုကောင်းလာပြီး အရည်အသွေးမြင့်ကစားသမားများက ကွင်းထဲတွင် ရလဒ်ပိုင်းကို ပြောင်းလဲအောင်စွမ်းဆောင်ပြနေသည်ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ သူကပင် မန်ယူအသင်းမှာ ရှေ့၊ နောက်၊ အလယ်၊ ဂိုးသမား နေရာစုံတွင် ကစားသမားကောင်းများစွာ ရှိနေပြီး အီဗရာဟီမိုဗစ်မှာလည်း မန်ယူအသင်းသို့ ပြန်လာမည်ဖြစ်သဖြင့် အင်မတန်တောင့်တင်းတဲ့ ကစားသမားအခင်းအကျင်းရှိတဲ့ မန်ယူကို မြင်တွေ့လာရပြီဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။

မေလွဲ့သင်း-စုစည်းသည်

## ဆန်းချက်ဇ်ကို ပေါင်သန်း ၂၀ ပေးရုံဖြင့် ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူနိုင်မည်ဟု မန်စီးတီး ယုံကြည်



မန်စီးတီးအသင်းသည် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်ကို ပေါင်သန်း ၂၀ သာ ပေးချေရုံမျှဖြင့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်တွင် အရခေါ်ယူနိုင်မည်ဟု ယုံကြည်ချက်အပြည့်ရှိနေကြောင်း ဒေးလီအိပ်စ်ပရက်စ် သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ဂွါဒီယိုလာက အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ တစ်ရက်အလိုက ဆန်းချက်ဇ်အတွက် ပေါင်သန်း ၆၀ အထိ အသုံးပြုကမ်းလှမ်းခဲ့သော်လည်း အာဆင်နယ်က လီမာကို ခေါ်မရသဖြင့် ဆန်းချက်ဇ်ကို ထုတ်မရောင်းခဲ့ခြင်းဖြစ်သည်။

သို့သော် အာဆင်နယ်နှင့် ဆန်းချက်ဇ်တို့ ချုပ်ဆိုထားတဲ့စာချုပ်မှာ နောက်နှစ်နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ဇန်နဝါရီဈေးကွက်အဖွင့် ထုတ်မရောင်းပါက အလွတ်ထွက်ခွာခွင့်ပြုရတော့မည်ဖြစ်ရာ မန်စီးတီးက ယင်းအခြေအနေကို သူတို့အသင်း ကောင်းကောင်းအသုံးချနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။ နွေဈေးကွက်အတွင်း ဆန်းချက်ဇ်ကို ပေါင်သန်း ၆၀ ဖြင့် မရောင်းချခြင်းက မန်စီးတီးအတွက် ပေါင်သန်း ၄၀ လောက်သက်သာပြီး ခေါ်ယူနိုင်မည်ဟု မန်စီးတီးတာဝန်ရှိသူများက အကောင်းဘက်မှ ရှုမြင်ထားသည်။

## ကော်တင်ဟို ပွဲချိန်ပြည့်ကစားနိုင်ပြီဟု တိုင်တီ ဖွင့်ဟ



နောက်ကျောဒဏ်ရာနှင့် ဖျားနာနေတယ်ဆိုသော အကြောင်းပြချက်များဖြင့် လီဗာပူးအတွက် ဝင်ရောက်ကစားခြင်းမရှိသေးတဲ့ ကော်တင်ဟိုမှာ မိနစ် ၉၀ (ပွဲချိန်ပြည့်) ဝင်ရောက်ကစားနိုင်လောက်တဲ့ ကြံ့ခိုင်မှုမျိုးရှိနေပြီဖြစ်ကြောင်း ဘရာဇီးနည်းပြ တိုင်တီက ဖွင့်ဟခဲ့သည်။ ကော်တင်ဟိုမှာ အီကွေဒေါနှင့် ကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အရန်ကစားသမားအဖြစ်သာ ဝင်ရောက်ကစားခဲ့သော်လည်း သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ နည်းပြ တိုင်တီက ကိုလံဘီယာအသင်းနှင့် ပွဲစဉ်တွင်လည်း ကော်တင်ဟိုကို အရန်ကစားသမားအဖြစ်သာ အသုံးပြုခဲ့သော်လည်း ပွဲချိန်ပြည့်ဝင်ရောက်ကစားနိုင်ရန် ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်ကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ တိုင်တီက "ကော်တင်ဟိုက ရုပ်ပိုင်းဆိုင်ရာအရ ပွဲချိန်ပြည့်ကစားဖို့အသင့်ပါပဲ။ နည်းစနစ်ပိုင်းအရ ကွဲပြားမှုတွေ ရှိပါတယ်။ ဒါကြောင့် ပွဲချိန်အကြာကြီး ကစားခိုင်းဖို့ အဆင်မပြေပါဘူး"ဟု ဆိုခဲ့သည်။ ကော်တင်ဟိုကို ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၃၀ အထိ အသုံးပြုကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက အကြိမ်ကြိမ်ပယ်ချခဲ့သောကြောင့် ကော်တင်ဟိုက လီဗာပူးကို ဖိအားပေးသည့်သဘောဖြင့် ဒဏ်ရာရရှိနေသည်ဟု အကြောင်းပြနေခြင်းဖြစ်ကြောင်း ယူဆမှုများလည်းရှိနေသည်။

## အေစီမီလန်ရဲ့ ခြေစွမ်းပိုင်းကို မှတ်ကျောက်တင်မယ့် လာဇီယို

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခွန်သံ-၃

စီးရီးအေပွဲစဉ် (၃) ကို လာမယ့် စက်တင်ဘာ ၉၊ ၁၀၊ ၁၁ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ဥရောပပွဲတွေနဲ့ နီးကပ်နေတာကြောင့် ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကစားရမယ့်အသင်းတွေ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်တာကို သတိပြုရမှာဖြစ်ပြီး လာဇီယိုနဲ့ အေစီမီလန်ပွဲက အကြိတ်အနယ်ရှိနိုင်ပါတယ်။

### ဂျူဗင်တပ် - ချီယေဗို ည ၁၀း၃၀ (၉-၉-၁၇)

နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရခဲ့တဲ့ ဂျူဗင်တပ်ခြေက ဒီရာသီမှာလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ချီယေဗိုကတော့ ခြေစွမ်းပိုင်း မဆိုးဘူးဆိုပေမယ့် နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး ဂိုးပေးခဲ့ရတဲ့ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ ဂျူဗင်တပ်ကသာ ဖိအားပေးကစားပြီး နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဆမ်ဒိုးရီးယား - ရိုးမား နံနက် ၁း၁၅ (၁၀-၉-၁၇)

အင်တာမီလန်ကို အိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့ရတာကြောင့် ရိုးမားတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် ရိုးမားဟာ ဒီရာသီမှာ တိုက်စစ်ပိုင်းကစားပုံတည်ငြိမ်မှုမရှိသေးတာတွေ့ရသလို ဆမ်ဒိုးရီးယားကလည်း အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ခြေစွမ်းမာကျောမှုတွေ ရှိတတ်တာကြောင့် ရိုးမားတို့ ဒီပွဲမှာလည်း အခက်အခဲနဲ့ရင်ဆိုင်ရနိုင်ပါတယ်။ ရိုးမားအနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးမပြတ်ဘူး။

### ကယ်ဂလီယာရီ - ခရိုတိုနီ ည ၇း၃၀ (၁၀-၉-၁၇)

နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ရတဲ့ ကယ်ဂလီယာရီခြေက အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် အဆိုပါနှစ်ပွဲမှာ ငါးဂိုးအထိ ပေးခဲ့ရတဲ့ ခံစစ်က အားနည်းမှုတွေများနေပါတယ်။ ဒါပေမယ့် ခရိုတိုနီကလည်း ခြေစွမ်းပိုင်းသာမန်သာရှိကာ ကယ်ဂလီယာရီက အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်တဲ့အတွက် ဒီပွဲမှာတော့ ကယ်ဂလီယာရီတို့ နိုင်ပွဲယူမယ်။

### ဗီရိုနာ - ဖီအိုရင်တီးနား ည ၇း၃၀ (၁၀-၉-၁၇)

ဖီအိုရင်တီးနားက ကစားပြီးသမျှနှစ်ပွဲမှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ရလို့ ဒီပွဲမှာ နိုင်ပွဲရယူနိုင်အောင် ကစားလာမှာသေချာနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဗီရိုနာက ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေတဲ့အသင်း ဖြစ်ပါတယ်။ အထူးသဖြင့် ဖီအိုရင်တီးနားအနေနဲ့ အင်တာ၊ ဆမ်ဒိုးရီးယားတို့လို အသင်းတွေနဲ့ ရင်ဆိုင်ခဲ့ရလို့သာ ရလဒ်တွေဆိုးခဲ့တာဖြစ်ပြီး ခြေစွမ်းပိုင်းကတော့ အားနည်းမှုများပြားခြင်းမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ဖီအိုရင်တီးနားတို့ နိုင်ပွဲရသွားမှာပါ။

### လာဇီယို - အေစီမီလန် ည ၇း၃၀ (၁၀-၉-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ လာဇီယိုက မနှစ်ကထက် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းသွားတယ်ဆိုပေမယ့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမဲ့လည်း အေစီမီလန်က ဒီရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ ဒီပွဲမှာလည်း တိုက်စစ်အားပြုကစားလာနိုင်ပါတယ်။ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်လာနိုင်ကာ အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေကျသွားနိုင်ပါတယ်။

### အူဒီးနီးစ် - ဂျီနိုအာ ည ၇း၃၀ (၁၀-၉-၁၇)

နှစ်ပွဲကစားပြီးချိန်မှာ ဂျီနိုအာတို့ နိုင်ပွဲရယူနိုင်ခြင်းမရှိသေးလို့ နိုင်ပွဲစတင်ရရှိရေးအတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း အဝေးကွင်းဖြစ်နေပါတယ်။ ဒါပေမယ့်လည်း အူဒီးနီးစ်ခြေကလည်း လက်ရှိအချိန်မှာ အားနည်းမှုတွေရှိနေတာကြောင့် နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့အဖြစ်နဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဂျီနိုအာတို့အခွင့်အရေးရနိုင်ကာ အူဒီးနီးစ်ကို ထိန်းချုပ်နိုင်ဖို့ရှိနေပြီး သရေလောက်ကစားသွားနိုင်ဖို့ ရှိနေပါတယ်။

### ဘိုလောနာ - နာပိုလီ နံနက် ၁း၁၅ (၁၁-၉-၁၇)

နာပိုလီက အသင်းကောင်းတစ်သင်းဖြစ်သလို ကစားပြီးသမျှ နှစ်ပွဲမှာလည်း နှစ်ပွဲစလုံးအနိုင်ရထားကာ တိုက်စစ်ပိုင်းကလည်း ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီရာသီမှာ ဘိုလောနာခြေကလည်း ကောင်းမွန်မှုရှိနေကာ အိမ်ကွင်းလည်းဖြစ်နေတယ်။ ဒါကြောင့်လည်း နာပိုလီတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ နာပိုလီအနေနဲ့ ချန်ပီယံလိဂ်ပွဲလည်း ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေတဲ့အတွက်ကြောင့်လည်း ဒီပွဲမှာ အနိုင်ရဖို့ရှိပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။

### အတ္တလန္တာ - ဆာစူအိုလို ည ၇း၃၀ (၁၀-၉-၁၇)

ဒီရာသီမှာ အတ္တလန္တာရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိလာကာ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ရတာကို တွေ့ရပါတယ်။ ဒါပေမယ့် အဆိုပါအခြေအနေကြောင့် အတ္တလန္တာတို့ နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆာစူအိုလိုကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပြီး အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းအားသာချက်ပါရှိနေတဲ့ အတ္တလန္တာပဲ အနိုင်ရမယ်။

### ဘီနီဗန်တို - တိုရီနို ည ၁၀း၃၀ (၁၀-၉-၁၇)

ဘီနီဗန်တိုဟာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ရတာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း စီးရီးအေရဲ့ အသင်းကောင်းတစ်သင်းဖြစ်တဲ့ တိုရီနိုကိုတော့ ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာ တိုရီနိုခြေက သာမန်သာရှိတယ်ဆိုပေမယ့်လည်း အသင်းလိုက်ခြေစွမ်းကတော့ ဘီနီဗန်တိုထက် ပိုမိုအားသာမှုရှိနေပါတယ်။ တိုရီနိုကသာ နိုင်ပွဲရသွားမှာပါ။

### အင်တာ - SPAL ညနေ ၅း၀၀ (၁၀-၉-၁၇)

SPAL ဟာ စီးရီးအေ အတွေ့အကြုံနုနယ်လွန်းတဲ့ အသင်းတစ်သင်းဖြစ်သလို ကစားသမားအင်အားပိုင်းကလည်း အားနည်းမှုတွေ များလွန်းနေကာ နှစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးပေမယ့် ဒီပွဲမှာတော့ အင်တာမီလန်ကို အသာရယူနိုင်ဖို့ ခက်ခဲနေပါတယ်။ အင်တာရဲ့ လက်ရှိခြေက ကောင်းမွန်မှုတွေရှိနေသလို အိမ်ကွင်းအားလည်းရှိနေတာကြောင့် အင်တာကသာ ဒီပွဲမှာ ဖိအားပေးသွားနိုင်ဖို့ ရှိနေပါတယ်။ အင်တာပဲအနိုင်ရမယ်။




## YANGON PAYMENT SERVICES (YPS)

**wifac:,jcif;twGuf**

**tqjvTvufHhfuqdkuf yif,JI£Sh**

**&Sviffaqe,Gdlu;jcif**

ရန်ကုန်တိုင်းဒေသကြီး၊ သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (YRTA)နှင့် YANGON PAYMENT SERVICES (YPS)တို့သည် ကတ်စနစ်ဖြင့် ငွေပေးချေမှုလုပ်ငန်းအတွက် ၉-၈-၂၀၁၇ရက် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာပါ YANGON PAYMENT SERVICES တင်ဒါခေါ်ယူခြင်း (ပထမအဆင့်) ကြော်ငြာ၏ တင်ဒါ(ပထမအဆင့်)အဆိုပြုလွှာများ နောက်ဆုံးလက်ခံမည့်ရက်ကို ၂၉-၉-၂၀၁၇ရက်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ပါကြောင်းနှင့် တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းများနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမတွင် ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထပ်မံပြုလုပ်မည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အောက်ပါ ဖုန်း (သို့) Email သို့ စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**YPS တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**Website:https://tender.yangon.gov.mm**
**Email:ypstender @ yangon.gov.mm**
**Phone:09-777730887 (ရုံးချိန်အတွင်း)**

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အထကကျောင်း အဌမတန်း(B)မှ မောင်ကောင်းမြတ်ငြိမ်း၏မိခင် ဒေါ်ကျင်နွဲ့(ခ)ဒေါ်ဖြူအိ မှတ်ပုံတင်[၇/ကကန(နိုင်)၀၀၄၃၄၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကျင်နွဲ့**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ် အထက(ခွဲ) သဖန်းကျောင်း ဒသမတန်းမှ မနီလာအောင်၏ ဖခင်အမည်မှန်မှာ ဦးဟံတင် [၉/ဝတန(နိုင်)၀၈၀၆၃၄] ဖြစ်ပါသည်။

**ဦးဟံတင်**

### ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၄) ဒသမတန်း (D)မှ မောင်သိန်းဌေး၏ ဖခင်အမည်မှန်မှာ ဦးကြာစိန် [၈/သရန(နိုင်)၀၀၅၁၅၆] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ် အထက(ခွဲ) သဖန်းကျောင်း ဒသမတန်းမှ မသိမ့်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင့် [၉/မထလ (နိုင်)၂၂၄၁၂၂] ဖြစ်ပါသည်။

**ဦးဝင်းတင့်**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ် အထက(ခွဲ) သဖန်းကျောင်း ဒသမတန်းမှ မောင်စိန်လမင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ရီ [၉/ဝတန(နိုင်)၀၈၀၂၁၃] ဖြစ်ပါသည်။

**ဦးမောင်ရီ**

### ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ရွာနေ အထက(၁)ထားဝယ်၊ ဒသမတန်း(J) မှ မောင်သက်မွန်အောင်၏ ဖခင် ဦးသက်နိုင်ဦး၏ အမည်မှန်မှာ ဦးသန်းနိုင်ဦးဖြစ်ပါသည်။

**ဦးသန်းနိုင်ဦး**

### တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ မယွန်းနဒီမျိုးနှင့် မောင်သက်မှူးပိုင်တို့၏ဖခင် ဦးရန်မျိုးနိုင်နှင့် ဦးရန်မျိုးပိုင် [၇/ပခတ(နိုင်)၀၄၄၀၃၁]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရန်မျိုးနိုင်(ခ)ဦးရန်မျိုးပိုင်**

**Taxi Driver လိုသည်**
**C.N.G ပဲခြမ်း**
**DD/---တစ်လက်ကိုင်**
**ကြည့်မြင်တိုင်**
**အိမ်မပေးပါ**
**ဖုန်း-၀၉-၉၆၅၀၀၃၀၉၄**

## အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးရန်ပုံငွေဖြင့် တည်ဆောက်ရန်ရှိသော တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့(Third Party QA/QC)အနေဖြင့် လုပ်ကိုင်ရန်ဆန္ဒရှိသောကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ မှတ်ပုံတင်အင်ဂျင်နီယာများသည် Bago Region Construction Control Authority (BRCCA)ရုံးသို့ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ စာရင်းပေးသွင်းထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

**BRCCA အဖွဲ့**
**မြေညီထပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၇၇၃၃၃၅၆၄၀၊**
**E-mail:brcca2017@gmail.com**

## ဝန်ထမ်းအလိုရှိသည်

## ဂမုန်းပွင့်ကုမ္ပဏီလီမိတက်

## Graphic Designer (4)Posts(M/F)

- Graphic Design နှင့် သက်ဆိုင်သော ဘွဲ့(သို့) ဒီပလိုမာသင်တန်းဆင်းလက်မှတ်ရရှိထားသူ
- သက်ဆိုင်ရာ Software (Microsoft Office, Adobe Photoshop Illustrator နှင့် Acrobat) များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ
- မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာအရေးအပြော ကျွမ်းကျင်သူ
- Printing Production နှင့် သက်ဆိုင်သော အရောင်အသွေးဆိုင်ရာ အခြေခံဗဟုသုတရှိသူ (CMYK, Spot Color)
- DSLR ကင်မရာအခြေခံဗဟုသုတရှိသူ
- အရေးကြီးပါက လိုအပ်သောအချိန်တွင် တာဝန်ထမ်းဆောင်နိုင်သူ၊
- အကျင့်စာရိတ္တကောင်းမွန်၍ အလုပ်ကို စနစ်တကျ သင်ယူလုပ်ကိုင်လိုပြီး အများနှင့်ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်နိုင်သူ
- ဒီဇိုင်းနှင့်ပတ်သက်၍ လုပ်သက်အတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိသူ (ဦးစားပေး စဉ်းစားမည်။)
- ဘွဲ့ရထားပြီး လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများသည် ယခင်က မိမိတို့ပြုလုပ်ခဲ့ဖူးသော Project များကိုလည်း လျှောက်လွှာနှင့်အတူ တင်ပြလျှောက်ထားနိုင်ပါသည်။
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ (၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ဘွဲ့လက်မှတ် အထောက်အထားမူရင်းနှင့် လုပ်ငန်းအတွေ့အကြုံနှင့်ဆိုင်သော အထောက်အထားများနှင့်အတူ အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဂမုန်းပွင့်(ရုံးချုပ်)ဖုန်း-၀၁-၅၁၆၅၃၃-၅ သို့ရုံးချိန်အတွင်း (9:30 am to 5:00 pm) လာရောက်လျှောက်ထားနိုင်ပါသည်။

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## အထူးကုန်စည်ခွန် လစဉ်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

- ❖ အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊ ထုတ်လုပ်မှု အပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်လ၏ လကုန်ဆုံးပြီး (၁၀) ရက်အတွင်း၊ အခွန်မဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ (၇)ရက်အတွင်း အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။
- ❖ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း ဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်နှင့်အတူ တစ်ပါတည်း ကောက်ခံပေးရမည် ဖြစ်ပါသည်။
- ❖ အထူးကုန်စည်ခွန် ပေးဆောင်ရမည့်သူများမှာ-
  - (က) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူ၊
  - (ခ) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့သူ၊
  - (ဂ) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူ၊
  - (ဃ) အခွန်မဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိသည့် ကုန်စည်ပိုင်ရှင် တို့ဖြစ်ပါသည်။
- ❖ ပေးသွင်းရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင် **ပေးဆောင်ရမည့်အခွန်၏ ၁၀% ကို** ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- ❖ ငွေသွင်းချလန်ပုံစံအားသက်ဆိုင်ရာ အခွန်ရုံးများ (သို့မဟုတ်) ဦးစီးဌာန၏ website www.irdmyanmar.gov.mm တွင် ရယူနိုင်ပါသည်။
- ❖ အသေးစိတ်ထပ်မံသိရှိလိုပါက သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## လစဉ်ကျသင့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

- ❖ လစဉ်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို **သက်ဆိုင်ရာ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း** ပေးဆောင်ရန် လိုအပ်ပါသည်။
  **[ဥပမာ- ဩဂုတ်လအတွက် စက်တင်ဘာလ ၁၀ ရက်အတွင်း]**
- ❖ လစဉ်ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည့်သူများမှာ-
  - (က) ပြည်တွင်း၌ကုန်စည်ထုတ်လုပ်ရောင်းချသူ
  - (ခ) ကုန်စည်ကို တင်သွင်းရောင်းချသူ
  - (ဂ) ကုန်သွယ်မှုဆောင်ရွက်သူ
  - (ဃ) ဝန်ဆောင်မှုဆောင်ရွက်သူ
- ❖ အထက်ဖော်ပြပါ လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း **စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ သို့မဟုတ် ကုန်သွယ်မှုရငွေကျပ်** သိန်း ၅၀၀ ထက်မကျော်လျှင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်မဟုတ်ပါ။
- ❖ လစဉ်ငွေသွင်းချလန် ပုံစံအားသက်ဆိုင်ရာ အခွန်ရုံးများ (သို့မဟုတ်) ဌာန၏ website www. irdmyanmar.gov.mm တွင် ရယူနိုင်ပါသည်။
- ❖ လစဉ်ပေးသွင်းရမည့်အခွန်ကို ပေးသွင်းရန် ပျက်ကွက်လျှင် ကျသင့်အခွန်၏ ၁၀% အား ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- ❖ အသေးစိတ်ထပ်မံသိရှိလိုပါက သက်ဆိုင်ရာ အခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်နေ အထက(၁)ထားဝယ်၊ ဒသမတန်း(D)မှ မောင်မျိုးပြည့်ဖြိုး၏ ဖခင် ဦးစန်းအောင်၏ အမည်မှန်မှာ ဦးဆန်းအောင် [၅/တဆန(နိုင်)၇၁၆၅၃၆] ဖြစ်ပါသည်။

**ဦးဆန်းအောင်**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ မြို့လှရွာ၊ အမှတ်(၆) အထက ဆဋ္ဌမတန်း(B) မှ မဝိုင်းချစ်၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း [၉/ရမသ(နိုင်)၁၅၈၂၉၀] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကရင်ကြီးရွာနေ အထက(၁)ထားဝယ်၊ ဒသမတန်း(I)မှ မဇင်မာခိုင်၏ ဖခင် ဦးဝင်းနိုင်၏ အမည်မှန်မှာ ဦးဝင်းခိုင် [၆/လလန(နိုင်)၀၁၁၁၉၅] ဖြစ်ပါသည်။

**ဦးဝင်းခိုင်**



# ငွေသာဆည်နှင့် ဆားလင်းကြီးဆည်တွင် ငါးမျိုး နှစ်သိန်းစိုက်ထည့်

**ဆားလင်းကြီး စက်တင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ငွေသာဆည်နှင့် ဆားလင်းကြီးဆည်တို့တွင် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီမှစတင်ပြီး သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးနိုင်တို့က ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးရခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ငါးသယံဇာတထိန်းသိမ်းရေး လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၆၀၀ ခန့်အား အခမဲ့ဖြန့်ဝေပေးပြီး ငါးခုံးမကြီး အကောင် ၅၀၀၀၀ နှင့် ငါးမြစ်ချင်း အကောင် ၅၀၀၀၀ စုစုပေါင်း ငါးအကောင်ရေ ၁၀၀၀၀၀ ကို ငွေသာဆည်အတွင်းသို့ ငါးမျိုးများ စုပေါင်းစိုက်ထည့်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆားလင်းကြီးဆည်အတွင်းသို့ ငါးခုံးမကြီး အကောင် ၅၀၀၀၀ နှင့် ငါးမြစ်ချင်း အကောင် ၅၀၀၀၀ စုစုပေါင်း ငါးအကောင်ရေ ၁၀၀၀၀၀ ကိုလည်း စုပေါင်းစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# အင်းတော်မြို့နယ်အတွင်း ရေတိုက်စားခံခဲ့ရသောကျေးရွာများသို့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်

**အင်းတော် စက်တင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကို ဦးဆောင်သောအဖွဲ့နှင့် ကသာခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက်ညနေပိုင်းက အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာအတွင်း ချောင်းရေတိုက်စားခဲ့သော နေရာများအား တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိမိတို့အဖွဲ့အနေဖြင့် ရွာအတွင်းချောင်းရိုးတစ်လျှောက်ကို ဂျီပီအက်စ် (GPS)ဖတ်ခြင်း၊ ရေတိုက်စားထားသည့် ဘုန်းတော်ကြီး ကျောင်းဝင်းဘေး ချောင်းကမ်းပါးနှင့် ရွာအဝင်လမ်းဘေးရှိ ချောင်းကမ်းပါးများတွင် ရေတိုက်စားပျက်စီးသွားခဲ့သော နေရာများအားချောင်းရေပြင်နှင့် မြေပြင်အနိမ့်အမြင့်များအား တိုင်းတာခြင်း၊ မြေထိန်းနံရံများ တည်ဆောက်နိုင်ရန် အရှည်ပေများနှင့်ချောင်းကမ်းပါးအမြင့်တို့အားတိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ တွေ့ရှိချက်တွေကို အထက်အဆင့်ဆင့်သို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း ကသာခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်က ပြောသည်။

"ဘုန်းတော်ကြီးကျောင်းဝင်းဘေး ချောင်းကမ်းပါးရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နတ်မဟုတ်ကလေးရွာနေပြည်သူတွေနဲ့ ထည့်ဝင်ငွေဖြင့် ပူးပေါင်းတည်ဆောက်ထားတဲ့ ကျောက်စီမြေထိန်းနံရံမှာ နောက်ပိုင်းချောင်းရေကြီးရင် ဆက်လက်ပြိုကျနိုင်ပါတယ်။ အဲဒီကျောက်စီမြေထိန်းနံရံရဲ့ အရှေ့ချောင်းထဲဘက် ၁၀ ပေအကွာအထိ ရေကာငုတ်တွေနဲ့ မြေထိန်းနံရံတစ်လျှောက် စီပြီးရိုက်ခြင်း၊ အဲဒီငုတ်တွေအကြားမှာ အကိုင်းအခက်တွေ များများပါတဲ့ သစ်ခက်တွေချပြီး သဲအိတ်တွေနဲ့ ဖိထားပေးခြင်းများ ဆောင်ရွက်ရပါတယ်။ အဲဒါမှ နံရံအောက်ခြေ ရေတိုက်စားမှုဒဏ်ကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်" ဟု ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်က ဆက်လက်၍ အကြံပြုပြောကြားသည်။

ဘုန်းတော်ကြီးကျောင်းဝင်းဘေးချောင်းကမ်းပါးနေရာတွင် အရှည်ပေ ၄၀၀ နှင့် ရွာအဝင်လမ်းဘေးရှိချောင်းကမ်းပါးတွင် ပေ ၅၀၀ အရှည်တို့အား ရေတိုက်စားပျက်စီးမှုဒဏ်မှ ကာကွယ်နိုင်ရန် မြေထိန်းနံရံများရရှိရေးဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှာ နဘားနှင့်မော်လူးဒေသကျေးရွာများအတွင်း ရေတိုက်စားခံခဲ့ရသောနေရာများအား ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ချစ်လင်း(အင်းတော်)**

# ကျောင်းသားလူငယ်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများဟောပြော

**နေပြည်တော် စက်တင်ဘာ ၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စားသုံးသူများအငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းပေးနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဒက္ခိဏခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အားလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၅ ရက်တွင် ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အားလည်းကောင်း ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဒက္ခိဏခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် ကျောင်းသားလူငယ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် သိသင့်သိထိုက်သည်များကို သိရှိလေ့လာနိုင်ရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများအား ဒက္ခိဏခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစိန်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း သိကောင်းစရာများအားလည်းကောင်း၊ ဒက္ခိဏခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်မောင်သန်းက စားသုံးသူများအန္တရာယ်ကင်းရှင်းရန် ဆင်ခြင်သင့်သည့် သတိပြုစရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။ စားသုံးသူများထိခိုက်နစ်နာဆုံးရှုံးမှုများရှိလာပါကလည်း ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သန့်မောင်**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချင်းတွင်းမြစ်ရေတားမြေသားတာပေါင်အား ကျောက်ရိုးစီလုပ်ငန်းများလုပ်ဆောင်ပေးမည်

**မုံရွာ စက်တင်ဘာ ၆**
မုံရွာမြို့ပေါ်ရပ်ကွက်များအား ချင်းတွင်းမြစ်ရေဝင်ရောက်မှုမှကာကွယ်နိုင်ရန် တည်ဆောက်ထားသော မြေသားတာပေါင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် ကျောက်ရိုးစီလုပ်ငန်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ သိရသည်။

နှစ်စဉ်မိုးရာသီတွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်းရှိ မုံရွာမြို့နှင့် ကျေးရွာများ မြစ်ရေဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် မြစ်ရေတားမြေသားတာပေါင်နှင့် တာပေါင်များ ကျောက်ရိုးစီခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေတို့ဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့ရဲ့ စိုးရိမ်ရေအမှတ်က ၁၀၀၀ စင်တီမီတာပါ၊ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ၁၁၄၃ စင်တီမီတာအထိ နှစ် ၅၀ အတွင်း အမြင့်ဆုံး တက်ရောက်ခဲ့တဲ့အတွက် မြစ်ရေတားတာပေါင်တွေကို ၁၁၄၃ စင်တီမီတာအထက်ကို ၉၀ စင်တီမီတာအမြင့်ထိ မြှင့်တင်ပြီး တည်ဆောက်ခဲ့တယ်။ ပိုပြီးခိုင်အောင်လို့ ကျောက်ရိုးစီလုပ်ငန်းတွေကို ဆက်ပြီး လုပ်ဆောင်ခဲ့တာ အခုဘဏ္ဍာနှစ်မှာ လုပ်ဖို့ ကျန်တဲ့နေရာတွေကို ဆက်ပြီးတော့ ကျောက်ရိုးစီလုပ်ဆောင်တာပါ"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ဆောင်မည့် ချင်းတွင်းမြစ်ရေတားမြေသားတာပေါင် ပေတိုင်အမှတ်သုညမှ ပေတိုင်အမှတ်(၁၄၀၀၀)အထိ ကျောက်ရိုးစီခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်း ၂၀၀ ဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# မန္တလေးမြို့တွင် လူငယ်များ ဖူဆယ်ကစားမှု ပိုမိုများပြားလာ၍ ကစားကွင်းများစွာ တိုးချဲ့တည်ဆောက်

**မန္တလေး စက်တင်ဘာ ၆**
မန္တလေးမြို့တွင် လူငယ်များစွာ ဖူဆယ်ကစားမှု ပိုမိုများပြားလာသည့်အတွက် ဖူဆယ်ကွင်း တည်ထောင်သူများ ပိုမိုများပြားလာသည်။ ဖူဆယ်ကစားရာတွင် အဖွဲ့လိုက် နံနက်ခင်းမှ ညပိုင်းအထိ ကစားကြသည်။

ရုံးပိတ်ရက်နှင့် အခါကြီးရက်ကြီးများတွင် ကစားသည့်အဖွဲ့ ပိုမိုများပြားလေ့ရှိသည်။ ဖူဆယ်ကို စိတ်ဝင်စားမှု ပိုမိုများပြားလာသည်။ အလုပ်ပြန်ချိန် ညနေပိုင်းမှစကာ ညပိုင်းအထိ ကစားလာကြသည်။ ကစားသူ များပြားသည့်အတွက် ဖူဆယ်ကွင်း တည်ထောင်သူများမှာ နှစ်ကွင်းတွဲများ တည်ဆောက်လာကြသည်။

ဖူဆယ်(Futsal)သည် ဘောလုံး၏ ကွဲပြားသော ပုံသဏ္ဍာန်တစ်ရပ်ပင်ဖြစ်သည်။ ဘောလုံးနှင့် ဖူဆယ်တွင် အနှစ်သာရပိုင်း တူညီကာ ရည်မှန်းချက်လည်း ကိုက်ညီသည်။ သို့သော် ကွဲပြားမှုများစွာရှိနေကြောင်း သိရသည်။ ဖူဆယ်မှာ ကစားကွင်းသေးငယ်ကာ ကစားသမားအရေအတွက် လျော့နည်းသည်။ မြက်ခင်းပြင်တွင် ကစားခြင်းမဟုတ်ဘဲ အားကစားရုံအတွင်း ယှဉ်ပြိုင်ကစားကြရသည်။ အသုံးပြုသော ဘောလုံးနှင့် စည်းမျဉ်းသတ်မှတ်မှုများလည်း ဘောလုံးကစားနည်းနှင့် ကွဲပြားနေသည်။

ဖူဆယ်ဆိုသော ဝေါဟာရသည် ပေါ်တူဂီဘာသာ"Futebol de Salao" မှဆင်းသက်လာပြီး ၁၉၈၅ ခုနှစ် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပခဲ့သော ဒုတိယမြောက် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ "Futebol de Salao" ကို အသုံးပြုခဲ့ သည်။နောက်ပိုင်းအချိန်တွင် (Futsal) ဖူဆယ်ဟုပြောင်းလဲခေါ်ခဲ့ရာမှ ယခုအချိန်အထိ ခေါ်ဝေါ်သုံးစွဲနေသည်။

ဖူဆယ်ကစားနည်းမှာ ၁၉၃၀ ပြည့်လွန်ကာလများတွင် ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံများတွင် ဖွံ့ဖြိုးနေပြီဖြစ်သည်။ ဖူဆယ်ကစားနည်းပေါ်ပေါက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပုံမှန်ဘောလုံးကွင်းရရှိရန် ခက်ခဲခြင်းကြောင့်ပင် ဖြစ်သည်။ ဘရာဇီး၏ နာမည်ကျော် ဘောလုံးအကျော်အမော်အများစုမှာ ဘောလုံးကစားသမားဘဝကို ဖူဆယ်ကစားရင်း စတင်ခဲ့ကြကြောင်း သိရသည်။

ဖူဆယ်အားကစားတွင် တစ်သင်းလျှင် ကစားသမား ငါးဦးစီဖြင့်ဖွဲ့စည်းယှဉ်ပြိုင်ကာ ငါးဦးအနက်မှ တစ်ဦးမှာ ဂိုးသမားဖြစ်သည်။ လူလဲခြင်းအကြိမ်ရေ ကန့်သတ်မထားခြင်းနှင့် အတူ အသင်းသားနည်းနည်းဖြင့် ကစားနိုင်သည့်အတွက် လူငယ်များဖူဆယ်ကစားမှု များပြားလာသည်။

လက်ရှိကာလ မန္တလေးမြို့တွင် ဖူဆယ်ကစားကွင်းများ တည်ဆောက်လာသည့်အတွက် ဖူဆယ်ကစားသူများ ကစားကွင်းရွေးချယ်ပိုင်ခွင့်များလာသည်။ ဖူဆယ်ကစားကွင်းခအနေဖြင့် တစ်နာရီလျှင် ငွေကျပ် ၁၅၀၀၀ ပေးရပြီး အချို့ကွင်းများတွင် ငွေကျပ် ၁၀၀၀၀ ပေးရကြောင်း သိရသည်။

**တိမ်တမန်**



# ပြည်တွင်းပဲစားသုံးမှု မြင့်တက်လာစေရန် ပဲစားပွဲတော်ကျင်းပကာ အသိပညာပေးဆောင်ရွက်မည်



**ရန်ကုန် စက်တင်ဘာ ၆**
နိုင်ငံခြားဝင်ငွေ အဓိက ရှာဖွေပေးနေသည့် မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့နေမှုတွင် ပြည်ပဈေးကွက် တစ်ခုသာမက ပြည်တွင်း ပဲစားသုံးမှု မြင့်တက်လာစေရန်အတွက်လည်း ပဲစားပွဲတော်ကျင်းပကာ အသိပညာပေးဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပဲမျိုးစုံ တင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောသည်။

မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့မှုတွင် အိမ်နီးချင်း အိန္ဒိယနိုင်ငံကို အဓိကအားထားကာ အများဆုံး တင်ပို့နေရပြီး ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် အဓိက အားထားနေရသည့် အိန္ဒိယဈေးကွက်မှ ပဲတင်သွင်းမှု မူဝါဒ အပြောင်းအလဲကြောင့် ပြည်ပပို့ကုန် ပဲမျိုးစုံဈေးကွက်ထိခိုက်လာနိုင်ပြီး ယင်းအပေါ် ဖြေရှင်းဆောင်ရွက်ရမည့် ရေတို၊ ရေရှည်နည်းလမ်းများကို ချမှတ်ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းတွင်လည်း ပဲစားသုံးမှု မြင့်တက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပဲက ပရိုတင်းအများဆုံးပါတဲ့ သီးနှံထဲက ဖြစ်ပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံဟာ ဘာသာရေးအရ သက်သတ်လွတ်စားတယ်။ ပဲကို အဓိကစားတယ်။ သူတို့ရဲ့ ထွားကျိုင်းမှုတွေ ပြန်ကြည့်မယ်ဆိုရင် တို့ထက်သာတယ်လို့ ပြောလို့ရတယ်။ ပဲစားသုံးမှုရဲ့ ထိရောက်မှုတွေကို အရင်က သိပ်ပြီးတော့ သတိမထားမိဘူး။ အရွက်စားတယ်။ ပဲလည်း နည်းနည်းစားတယ်။ အသားတွေစားတယ်။ အဲဒီမှာပဲ စားသုံးမှုရဲ့ ထိရောက်မှုနဲ့ ပဲကို အရသာရှိအောင် ချက်ပြုတ်တတ်အောင် ပူးပေါင်းပြီးတော့ ပညာပေးလုပ်ငန်းတွေ၊ ဇာတ်လမ်းအတိုလေးတွေ၊ လူတွေ ထိထိရောက်ရောက် စိတ်ထဲကို ရောက်သွားမယ့် အခြေအနေလေးတွေ ဖန်တီးပါမယ်။ ပဲကို ချက်ပြီးတော့ ကြက်သားစားပွဲတော် လုပ်သလိုပဲ ပဲစားတဲ့ ပွဲမျိုးလေးတွေ လုပ်ရပါမယ်။ ပညာပေးတဲ့ ဟာမျိုးတွေ ဆက်လုပ်ပေးသွားဖို့ ရှိပါတယ်" ဟု ဦးတိုးအောင်မြင့်က ပြည်တွင်း ပဲစားသုံးမှု မြင့်တက်လာစေရန် ဆောင်ရွက်သွားရမည့်အပေါ် သုံးသပ်ပြောကြားခဲ့သည်။

ယခုနှစ် အိန္ဒိယနိုင်ငံ၏ ပြည်တွင်း ပဲထွက်ရှိမှု မြင့်မားလာမှုနှင့် ပြည်ပမှ တင်သွင်းမှုကို ကန့်သတ်လိုက်သောကြောင့် မြန်မာနိုင်ငံမှ ပဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ပဲကုန်သည် လုပ်ငန်းရှင်များ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် ဆက်လက် တင်ပို့နိုင်ရေးညှိနှိုင်းရန်၊ ပဲမျိုးစုံဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ပြည်တွင်းပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းစားသုံးမှု တိုးတက်ရေးအတွက် နည်းလမ်းများ လေ့လာတင်ပြနိုင်ရန်အတွက် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့အား ဩဂုတ် ၃၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်များ ပါဝင်သည့် အဖွဲ့ကို ဖွဲ့စည်းလိုက်ပြီး စက်တင်ဘာ ၅ ရက်က ယင်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

မြန်မာ့ပဲမျိုးစုံအား အိန္ဒိယနိုင်ငံအပြင် အခြားဈေးကွက်များသို့ အရည်အသွေး ကောင်းမွန်စွာ တင်ပို့နိုင်ရေး၊ လတ်တလောတွင် ထွက်ရှိလာသော ပဲများအား သတ်မှတ်ဈေးအခံဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ကာ ဝယ်ယူပေးရေး၊ လာမည့် စိုက်ပျိုးရာသီများတွင် နိုင်ငံတကာ ဈေးကွက်အခြေအနေများအပေါ် မူတည်၍ ပဲမျိုးစုံနေရာတွင် အခြားသော ဈေးကွက်ရှိ တွက်ခြေကိုက်စေမည့် သီးနှံများ အစားထိုး စိုက်ပျိုးနိုင်ရေး၊ ပြည်ပဈေးကွက်သာမက ပြည်တွင်းရှိ ပဲစားသုံးမှု တိုးတက်မြင့်မားအောင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆက်လက်၍ အိန္ဒိယနိုင်ငံနှင့် အစိုးရချင်း G to G နားလည်မှု စာချွန်လွှာဆက်လက် ရေးထိုးနိုင်အောင် ဆောင်ရွက်၍ ပဲမျိုးစုံ ဆက်လက်တင်ပို့နိုင်ရေး စသည့် မြန်မာ့ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါ လုပ်ငန်းအဖွဲ့မှ အခြေအနေအရပ်ရပ်တို့အပေါ် သုံးသပ် ဆွေးနွေး အဖြေရှာသွားမည်ဖြစ်ကြောင်း အဆိုပါ အစည်းအဝေးပွဲမှ သိရသည်။ **၀၀၁**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မြိတ် စက်တင်ဘာ ၆**
မြိတ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့က ကြီးမှူး၍ ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြိတ်ခရိုင်အတွင်းရှိ ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၄ ဦးတို့က "လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ" ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြိတ်ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြိတ်ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (မြိတ်)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဌေးအောင်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## တောင်သူများ လယ်ယာသုံးစက်ကိရိယာများ ရွေးချယ်ဝယ်ယူနိုင်ရန် ထွန်ယက်ရေးသရုပ်ပြ

**ရေတာရှည် စက်တင်ဘာ ၆**
ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၁၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Agriculture Developmnt Support Project(ADSP) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အလျင်အမြန် ကူးပြောင်းဆောင်ရွက်ရာတွင် တောင်သူများ၏ စိုက်ပျိုးသီးနှံများနှင့် လိုက်လျောညီထွေမည့် စက်ကိရိယာများရွေးချယ်ဝယ်ယူနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၈) စက်မှုလယ်ယာစခန်းမှ ဦးစီး၍ ထွန်ယက်ရေး သရုပ်ပြပွဲကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ကြံသန္ဓယ်ကျေးရွာအုပ်စု မြောက်နန်ချွန်ကျေးရွာအနီး၌ ကျင်းပခဲ့သည်။

ထွန်ယက်ရေးသရုပ်ပြသရာတွင် ထွန်စက် အမျိုးအစား သုံးမျိုးဖြင့် ထယ်ရေးပြုပြင်ခြင်းနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးက "ကမ္ဘာ့ဘဏ်ချေးငွေဒေါ်လာသန်း ၁၀၀ နဲ့ တောင်သူတွေဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်ရာမှာ လက်မှုကနေ စက်မှုခေတ်ကို အလျင်အမြန်ကူးပြောင်းနေတာတွေ့ရတယ်။ ဒါကြောင့် တောင်သူတွေ အနေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ဝယ်ယူတော့မယ်ဆိုရင် ကိုယ်လုပ်ကိုင်ရတဲ့ ရေမြေအနေအထားအပေါ်မူတည်ပြီးတော့ လိုက်လျောညီထွေရှိမယ့် စက်အမျိုးအစားတွေကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထွန်ယက်ရေးသရုပ်ပြပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူ ၁၅၀ ကျော်လာရောက်လေ့လာခဲ့သည်။ **ကိုလွင်(ဆွာ)**

## ရေဝတီတိုင်းဒေသကြီးမှ ပြည်ပနိုင်ငံများသို့ အမြန်ချောထုပ်များတိုက်ရိုက်ပေးပို့နိုင်

**ပုသိမ် စက်တင်ဘာ ၆**
ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက်ပေါင်း ၁၁ ခုမှ ပြည်ပနိုင်ငံပေါင်း ၁၀၂ နိုင်ငံသို့ အမြန်ချောထုပ်များ တိုက်ရိုက်ပေးပို့ဝန်ဆောင်မှုပေးလျက်ရှိရာ ယခုအခါ မြို့ပေါင်း ၂၅ မြို့အထိ တိုးချဲ့ဝန်ဆောင်မှု ပေးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

အဆိုပါ ပြည်ပအမြန်ချောပို့ ဝန်ဆောင်မှုလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပုသိမ်၊ ဟင်္သာတ၊ ဖျာပုံ၊ မအူပင်၊ ဘိုကလေး၊ ပန်းတနော်၊ မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ကျုံပျော်မြို့၊ ရေကြည်၊ ကျောင်းကုန်း၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ငပုတော၊ အိမ်မဲ၊ ညောင်တုန်း၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ဖလွန်၊ ဓနုဖြူ၊ ဒေးဒရဲ၊ ကျိုက်လတ် စာတိုက်များ၌ ပြည်ပချောထုပ်များ ပေးပို့နိုင်ကြောင်း သိရသည်။

"အရင်ကဆို ပြည်ပနိုင်ငံကို ပစ္စည်းပို့ချင်ရင် အတော်ခက်ပါတယ်။ အခုဆို ပို့ချင်တဲ့ ပစ္စည်းတွေယူပြီး ကျွန်မတို့မြို့က စာတိုက်ကို ယူသွားလိုက်ရုံပါပဲ။ စာတိုက်က ဝန်ထမ်းတွေက အားလုံးစစ်ဆေးပြီး ထုပ်ပိုးပြင်ဆင်ပေးပါတယ်။ တစ်နေကုန်အချိန်ပေးစောင့်ပြီး ပုသိမ်အထိသွားပို့စရာ မလိုတော့ပါဘူး" ဟု ငပုတောမြို့ခံတစ်ဦးက အားရဝမ်းသာ ပြောသည်။

မြန်မာ့စာတိုက်လုပ်ငန်းမှ အမြန်ချောဝန်ဆောင်မှုပေးသည့် မည်သည့်စာတိုက်တွင်မဆို ပြည်ပချောပို့ခြင်းလုပ်ငန်းကို အချိန်တိုအတွင်း အထူးသက်သာသော နှုန်းထားများဖြင့် လုံခြုံသော လမ်းကြောင်းမှတစ်ဆင့် ပြည်သူတွေက မိမိတို့ ပို့မည့် ပစ္စည်းရဲ့ အလေးချိန်အတိုင်း သတ်မှတ်ဝန်ဆောင်စရိတ်ကျသင့်ငွေကို ပေးဆောင်ပြီး ပေးပို့နိုင်ကြောင်း ဧရာဝတီတိုင်း ဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

မြန်မာ့စာတိုက်လုပ်ငန်းမှ တစ်ဆင့် ပြည်တွင်း၊ ပြည်ပ အမြန်ချောထုပ်များ ပေးပို့ရာတွင် တည်ဆဲဥပဒေများဖြင့် ဆန့်ကျင်သည့် ပစ္စည်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ပစ္စည်းများ၊ အမြင်မတော် အကျင့်စာရိတ္တကို ပျက်စီးစေနိုင်သောပစ္စည်းများ၊ ပေါက်ကွဲစေတတ်သော၊ မီးလောင်လွယ်သော၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ သက်ရှိသတ္တဝါများ၊ ငွေအကြွေငွေစက္ကူနှင့် အခြားတန်ဖိုးကြီးပစ္စည်းများ၊ ရွှေငွေကျောက်မျက်ရတနာများ၊ နိုင်ငံတော်က ထုတ်ပြန်သည့် ထီလက်မှတ်မှအပ အခြားထီလက်မှတ်များ၊ ချွန်ထက်သည့်ပစ္စည်းများ၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အကောက်ခွန်ဌာနမှ ခွင့်ပြုချက်မရှိသည့် လူသုံးကုန်များ၊ တင်သွင်းခွင့်မပြုသည့် ပစ္စည်းများ စသည်တို့ကို လက်ခံပေးပို့ခြင်းမပြုကြောင်း သိရသည်။

ယခုလက်ရှိအခြေအနေတွင် ပြည်ပအမြန်ချော လက်ခံဆောင်ရွက်ရာတွင် မလေးရှား၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်၊ ဂျပန်နိုင်ငံများသို့ ပေးပို့ကြပြီး အများဆုံးပေးပို့ရသည့်နိုင်ငံမှာ ကိုရီးယားနိုင်ငံဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ရုံးသစ်အဆောက်အအုံပန္နက်တင်

**တနင်္သာရီ စက်တင်ဘာ ၆**
ရုံးသစ်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိ၊ ထားဝယ်ခရိုင်ဥပဒေအရာရှိနှင့် တင်ဒါအောင်မြင်သည့် ကြယ်စင်မြင့် မြန်မာကုမ္ပဏီမှ ဥက္ကဋ္ဌတို့က သတ်မှတ်ထားသော နေရာအသီးသီးတွင် မင်္ဂလာအချိန်တွင် ပန္နက်ရိုက်၍ ပန္နက်တိုင်အသီးသီးတွင် နံ့သာရည်များ ပက်ဖျန်းပေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေချုပ်၊ ဥပဒေအရာရှိနှင့် ဥပဒေချုပ်ရုံး ထားဝယ်ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**

## ကျောင်းသား ကျောင်းသူများ စကားရည်လုပွဲကျင်းပ



**လိပ်သို စက်တင်ဘာ ၆**
ကရင်ပြည်နယ် လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျောင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ပီးယာက ယခုလို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲ ကျင်းပပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိအမြင်ဗဟုသုတ ကြွယ်ဝစေပြီး မြန်မာဘာသာစကား ပိုမိုသိရှိနားလည်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့နောက်ပြိုင်ပွဲကို ဆက်လက် ကျင်းပရာ နဝမတန်းအဆင့် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် အရက်၊ ဆေးလိပ်၊ ကွမ်းတို့နှင့်ဆိုင်သည့် ဆိုးကျိုးများကို ဥပမာများ၊ ဆုံးမဩဝါဒစကားပုံများဖြင့် တစ်ဦးချင်းစီပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ငန်ငန်မငန်ငန် ရှောင်ရန်ဆိုဒီယမ်

ဒေါက်တာဇော်လင်းထွန်း (ဆေးပညာမဟာသိပ္ပံ)




သက်ရှည်ကျန်းမာခြင်း၏ လျှို့ဝှက်ချက်များကို လူတိုင်းသိခြင်းဖြင့် ကျန်းမာအောင်၊ အသက်ရှည်အောင် ဆောင်ရန်ရှောင်ရန်များကို ဆောင်နိုင်ရှောင်နိုင်ကြမည်ဖြစ်ပေသည်။

ယေဘုယျအားဖြင့် လူတိုင်းနီးပါးသိထားကြသည်မှာ သွေးတိုးရှိလျှင် 'အငန်'ရှောင်ရမည်ဆိုတာပင်။ အငန်ဆိုသည်မှာ အဓိကအားဖြင့် ဆိုဒီယမ်ကလိုရိုက် (အိမ်သုံးဆား)ပါသော ငါးပိ၊ ငါးခြောက်၊ ငန်ပြာရည်တို့ကို ဆိုလိုသည်။ အငန်တစ်ခုတည်းရှောင်ရုံဖြင့် ၂၀ ရာခိုင်နှုန်းသာအကျိုးရှိပါသည်။ ကျန် ၈၀ ရာခိုင်နှုန်း ဒုက္ခပေးသောအရာက မည်သည့်အရာနည်း။ ဆိုဒီယမ်ပါသော မည်သည့်ဆားမဆို ခန္ဓာကိုယ်ကို ဒုက္ခရောက်စေပါသည်။ 'ငန်' စရာမလိုပါ။ 'မငန်သောဆားများ' ဟုဆိုရမည်ဖြစ်ပါသည်။ ဆိုဒီယမ် ဘိုင်ကာဗွန်နိတ် (စားဆိုဒါ-မုန့်ပွရန်ဖြစ်စေ၊ အကြော်ပွရန်ဖြစ်စေထည့်သော ဆိုဒါမှုန့်)၊ မိုနိုဆိုဒီယမ် ဂလူတာမိတ် (အချိုမှုန့် -ဟင်းချိုရန်အတွက်ထည့်သော ဟင်းချိုမှုန့်) စသည်တို့သည် ဆိုဒီယမ် ပါသဖြင့် ကြောက်စရာကောင်းပါသည်။

**ဆိုဒီယမ်ဆားများကလူကိုဒုက္ခပေးပုံ**

ငန်သည်ဖြစ်စေ မငန်သည်ဖြစ်စေဆားများစားသောအခါ သွေးထဲတွင်ဆားများစုပုံလာသည်။ စုပုံလာသောဆားကို ပျော့စေရန် (အရည်ပျော်သွားစေရန်) ရေကိုသွေးထဲသို့ စုပ်ယူသောအခါ သွေးထုထည်များလာသည်။ သွေးထုထည်များ၍ နှလုံးသည် သာမန်ထက်ပို၍ အလုပ်လုပ်ရသည်။ သွေးကြောများပေါ်၌ ဖိအားပိုလာသည်။ အချိန်ကြာသောအခါ နှလုံး ဝန်ပိခြင်း၊ သွေးကြောနံရံဖိအားများခြင်းတို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးတိုက်ခိုက်ခံရခြင်းနှင့် လေဖြတ်ခြင်းတို့ကိုဖြစ်စေသည်။ နောက်ဆုံး Heart Failure (နှလုံးအလုပ်မလုပ်တော့ခြင်း) ဖြစ်လာတတ်သည်။

သွေးတိုးရောဂါ မဖြစ်ဘဲနှင့်လည်း ဆိုဒီယမ်ဆားများများစားသုံးခြင်းဖြင့် နှလုံးသွေးကြောမကြီးနှင့် ကျောက်ကပ်တို့ကို ပျက်စီးစေသည်။ အရိုးများကိုလည်း ဆိုးကျိုးပေးပါသည်။ဆိုဒီယမ်ကြောင့် ဖြစ်လာသော သွေးတိုးသည် လေဖြတ်သူများ၏ သုံးပုံနှစ်ပုံ၊နှလုံးရောဂါသည်များ၏ တစ်ဝက်တွင် တွေ့ရပါသည်။ သွေးတိုးကြောင့် ကမ္ဘာတစ်ဝန်း လူတစ်သန်းကျော်နှစ်စဉ် သေဆုံးနေကြပါသည်။ ဆိုဒီယမ်ဆားစားသုံးသူများသည် သာမန်လူများထက် သေဆုံးနိုင်ခြေ ၂၀ ရာခိုင်နှုန်း ပို၍မြင့်မားပါသည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှလူပေါင်း ၁၀၀၀၀ ကျော်ရဲ့ ၂၄ နာရီအတွင်း စွန့်ထုတ်သော ဆိုဒီယမ်ကိုတိုင်းတာ သုတေသနပြုကြည့်ခဲ့ပါသည်။ ထိုအခါ ဆိုဒီယမ်များသောအုပ်စုတွင် သွေးတိုး၊ နှလုံးရောဂါအဖြစ်များသည်ကို တွေ့ရ၍ နည်းသောအုပ်စုတွင် အဖြစ်နည်းသည်ကို တွေ့ရပါသည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်းတွင် "TOHP" Two Trial of Hypertension Prevention လုပ်ကြည့်ရာ ဆိုဒီယမ်ကို ၁၈ လမှ ၃၆ လအထိ လျှော့စားသူများတွင် သွေးတိုးရောဂါကျသွားသည်ကိုလည်းကောင်း၊ နှလုံးတိုက်ခိုက်ခံရခြင်းနှင့် လေဖြတ်ခြင်းကို ၂၅ ရာခိုင်နှုန်းလျှော့ချနိုင်သည်ကိုလည်းကောင်း၊ နှလုံးသွေးကြောခွဲစိတ်ရခြင်းနှင့် နှလုံးရောဂါကြောင့် သေဆုံးရခြင်းတို့ကို လျှော့ချနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။

**ဆိုဒီယမ်ဆားများနှင့်ကင်ဆာ**

The World Cancer Research Fund and America Institute for Cancer ၏ လေ့လာတွေ့ရှိချက်များအရ ဆားနှင့် ဆားများသော အစားအစာများသည် အစာအိမ်ကင်ဆာဖြစ်စေကြောင်း ကောက်ချက်ချခဲ့ကြပါသည်။

**အရိုးပွရောဂါနှင့် ဆား**

အရိုးကျန်းမာရေးအတွက် ကယ်လ်ဆီယံ(ထုံးဓာတ်)သည် မရှိမဖြစ်လိုအပ်ပါသည်။ ဆီးထဲတွင် စွန့်သော ကယ်လ်စီယမ်သည် ဆီးထဲတွင်စွန့်သော ဆားများနှင့် တိုက်ရိုက်အချိုးကျပါသည်။ ဆားများများစားလျှင် ဆီးတွင် ဆားများများစွန့်၍ ကယ်လ်စီယမ်လည်း များများစွန့်ပစ်ပါသည်။ ထိုအခါ အရိုးအတွက် ကယ်လ်စီယမ် မလုံလောက်၍ အရိုးပွရောဂါဖြစ်ရသည်။ အရိုးပွသောအခါ အနည်းငယ်ထိခိုက်ရုံဖြင့် အရိုးကျိုးနိုင်သည်။ ပြန်ဆက်ဖို့လည်းခဲယဉ်း၏။

**ရေတိမ်ရောဂါနှင့် ဆား**

ဆားများများပါသော အစားအသောက်များစားလျှင်၊ သွေးထဲတွင် ဆားဓာတ်များလာသဖြင့် ရေဓာတ်ကိုဆွဲယူ၍ သွေးထုထည်များလာသည်။ သွေးထုထည်များလာသောအခါ သွေးကြောများနှင့် ဆက်စပ်နေသော မျက်စိတွင်းအရည်ကြည် (Aqueous Humour) ၏ ထုထည်ပမာဏလည်း များလာသည်။ ထိုအရည်ကြည်ထွက်ပေါက် ကောင်းကောင်းအလုပ်လုပ်ပါက အဆင်ပြေသော်လည်း၊ အဆင်မပြေပါက မျက်လုံးတွင်း ဖိအား (Intraocular Pressure) တက်လာနိုင်သည်။ မျက်လုံးတွင်း ဖိအားသည် မျက်စိအာရုံကြောများကို ထိခိုက်လောက်အောင် ဖိအားဖြစ်လျှင် ရေတိမ်ဖြစ်စေသည်။ ရေတိမ်ရောဂါရှိသူတွင် ပို၍ဆိုးစေသည်။

**တိုင်းရင်းဆေးရှုထောင့်**

ကွယ်လွန်သွားပြီဖြစ်သော တိုင်းရင်းဆေးဆရာကြီး ဦးဟန်ထွန်း(ကျောင်းအုပ်ကြီး၊ မန္တလေး တိုင်းရင်းဆေးသိပ္ပံ)က မိန့်ဖူးပါသည်။ ငန်တကာ့ငန် ပူ၊ ဖန်တကာ့ဖန် အေးဟူ၍ ဖြစ်၏။ အငန်များ၊ ဆားများသည် ခန္ဓာကိုယ်တွင်းသို့ရောက်လျှင် အပူဖြစ်သွား၍ အဖန်ဓာတ်ပါသော အစာများဆေးများသည် ခန္ဓာကိုယ်တွင်းရောက်လျှင် အအေးဖြစ်သွားသည်ဟု ဆိုလိုပါသည်။အပူ(ဥဏှတေဇော)သည် အိုမင်းရင့်ရော်ခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ပါးရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်း၊ နှလုံးအားနည်းခြင်း၊ အရိုးအားနည်းခြင်းစသည်တို့သည် ဥဏှတေဇောကြောင့် ဖြစ်ပါသည်။ အအေးသီတတေဇောသည် ခန္ဓာကိုယ်ကို အပူငြိမ်းစေသည်၊ စည်ပင်ဖွံ့ဖြိုးစေသည်။ ဖန်သောအရသာရှိသည့် ဆီးဖြူသီး၊ ဖန်ခါးသီး၊ ကြစုသီး သုံးမျိုးကို တြိဖလ( တြိ= သုံး၊ ဖလ=အသက်) အသက်ရှည်စေသော အသီးသုံးမျိုးဟု ဆိုရိုးရှိပါသည်။

တစ်နေ့စားသုံးသင့်သည့်ဆိုဒီယမ်ပမာဏ = လက်ဖက်ရည်ဇွန်း၏ လေးပုံတစ်ပုံ (၁/၄)သာ၊ ဆိုဒီယမ်များသော အစားအစာများမှာ စည်သွတ်ဘူးများ၊ အသားခြောက်များ၊ ငါးပိ၊ ငါးခြောက်၊ ကြာရှည်ခံအောင်လုပ်ထားသော အစားအစာများ၊ အေးခဲသောအသားများ၊ ထောပတ်၊ ဆိုဒါများသော ထပ်တရာ၊ အီကြာကွေး၊ ပလာတာ စသည်တို့ဖြစ်ပြီး ဆိုဒီယမ်နည်းသော အစားအစာများမှာ လတ်ဆတ်သောအစာများ၊ အရွက်ခြောက် (စည်သွတ်မဟုတ်)။

သို့ဖြစ်၍ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ အစာအိမ်ကင်ဆာရောဂါ၊ အရိုးပွရောဂါနှင့် ရေတိမ်ရောဂါများကင်းဝေးစေရန် အငန်ရှောင်ရုံသာမက မငန်သောဆားများဖြစ်သည့် စားဆိုဒါ၊ အချိုမှုန့်၊ အသားမှုန့်၊ တာရှည်ခံအောင်သုံးသောဆားစသည့် အန္တရာယ်ဆားများကို ရှောင်သင့်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။



ရထားရဲတပ်ဖွဲ့တပ်ခွဲ (၁၃) တပ်စု (၂) မလ္လကုန်းမှ တပ်စုမှူးဒုရဲအုပ်အောင်ကျော်ဦးနှင့်အဖွဲ့သည် ရထားစီးခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး၊ ရထားနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများလျော့နည်းကျဆင်းရေးအတွက် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက မလ္လကုန်းဘူတာ၌ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ၁၁၈

# မြန်မာနိုင်ငံတွင် ရှားပါးစွာတွေ့မြင်ရသည့် ဆရာ့အမှတ်တရကျောက်တိုင်

**စစ်ကိုင်း စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ငါ့တရော်ရွာတွင် ဆရာ့အမှတ်တရကျောက်တိုင်ကို ထူးခြားစွာတွေ့မြင်နိုင်သည်။ ကျောက်စာတိုင်မှာ အငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးဘိုးသစ် ကျောက်စာတိုင်ဖြစ်သည်။ ဆရာကြီးသည် ငါ့တရော်ရွာ မူလတန်းကျောင်းကို စတင်တည်ထောင်ခဲ့ပြီး တပည့်များကို ပညာအမွေပေးအပ်ခဲ့သည်။ ကျေးရွာကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး တပည့်များကို သားသမီးပမာ ပြုစုစောင့်ရှောက်သည့်အတွက် တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြသည်။

ဘုရားနှင့်တစ်ဂိုဏ်းတည်းထား ကိုးကွယ်ကာဝါတွင်းကာလ ဥပုသ်စဉ်များ ပြုလုပ်ရာတွင် သံဃာတော်များအတွက်သာမက ဆရာကြီးအတွက်ပါ ကန်တော့ပွဲတစ်ပွဲ လှူဒါန်းကြသည်။ ရပ်ရွာသာရေးနာရေးမှအစ ဆရာကြီးကဦးဆောင်ကာ ဆောင်ရွက်ခဲ့ပြီး တပည့်များ မလိမ္မာပါက တွေ့သည့်နေရာတွင်ဆုံးမပဲ့ပြင်ပေးသည်။ ကျောင်းအုပ်ဆရာဦးဘိုးသစ်မှာ ၁၂၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်တွင်မွေးဖွားခဲ့သည်။ တံတားဦးမြို့နယ် မြေငူရွာသားဖြစ်သော်လည်း ငါ့တရော်ရွာကို သံယောဇဉ်ကြီးကာ သေသည်အထိ ခေါင်းချသွားခဲ့သည်။ ဆရာကြီးသည် ၁၃၃၄ ခု ကဆုန်လဆန်း ၁၁ ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်သွားခဲ့သည်။

ဆရာကြီး၏ ဈာပန အခမ်းအနားကို ပွဲလမ်းသဘင်များဖြင့် ကြီးကျယ်စွာဆင်နွှဲပြီး အမှတ်တရကျောက်စာတိုင်စိုက်ထူခဲ့သည်။ ကျောက်စာတိုင် ဘေးပတ်ပတ်လည်တွင်ဆရာကြီး၏ ဂုဏ်ရည်များနှင့် ဆုံးမစကားများကို ကျောက်စာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်။ ကျောက်စာတွင်ရေးထိုးထားသော ကျောင်းအုပ်ဆရာဦးဘိုးသစ်၏ ဂုဏ်ရည်များမှာ သူတစ်ပါးအား ပြစ်တင်ကဲ့ရဲ့ပြောဆိုခြင်းနည်းပါးသည်။



အရာရာတွင်ရောင့်ရဲစွာနေလေ့ရှိသည်။ ပစ္စုပ္ပန်ကာလတွင် သင့်အောင်ကောင်းအောင်နေလေ့ရှိသည်။ လူအိုသော်လည်း စိတ်ပျိုအောင်နေသည်။ ဆရာ့ဂုဏ်ရည်တွင် စံပြဖြစ်သည်ဟု ရေးထိုးထားသည်။ ဆရာကြီး၏ ဩဝါဒထူးများအနေဖြင့် ကျောက်စာဖြင့် ရေးထိုးထားရာတွင် ခါးတိုလျှင်ရှေ့တစ်လှမ်းတိုးခုတ်ပါ။ တကယ်ကြိုးစားပါ မုချအောင်မြင်မည်။ ဆုံးရှုံးရခြင်းတွင် မိမိချို့ယွင်းချက် မုချပါသည်။မည်သူမှားမှား မိမိမှန်ဖို့လိုသည်။ စိုက်ပါပျိုးပါ။ ကျန်းမာရမည်၊ ဝမ်းစာရမည်၊ ချမ်းသာရမည်ဟု ရေးထိုးထားသည်။

တစ်ရွာလုံးကချစ်ခင်သော ကျောင်းအုပ်ဆရာကြီး ဦးဘိုးသစ်ကျောက်စာတိုင်ကို တပည့် ကျေးရွာသူ၊ ကျေးရွာသားများက ၁၃၃၄ ခုနှစ်နယုန်လဆန်း ၁၁ ရက် ၂၃-၅-၇၂ ခုနှစ်အင်္ဂါနေ့တွင် စိုက်ထူခဲ့သည်။ အစဉ်အဆက် ဆရာကြီးကျောက်စာတိုင်ကို ထိန်းသိမ်းထားသည့်အတွက် ယခုအခါ မြန်မာနိုင်ငံတွင် ရှားပါးစွာမြင်တွေ့ရသည့် ဆရာ့အမှတ်တရ ကျောက်တိုင်အဖြစ် ငါ့တရော်ရွာတွင်တည်ရှိနေသည်။ **တိမ်တမန်**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဟိုတယ်ဝန်ထမ်းများအတွက် အင်္ဂလိပ်စကားပြောလက်စွဲစာအုပ်




မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည်များသည် အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနှင့် လာရောက်ကြသောကြောင့် ဟိုတယ်ဝန်ထမ်းများ အသုံးပြုနိုင်ရန် ဆရာရဲကျော်မြင့်ရေးသားသော ဟိုတယ်ဝန်ထမ်းများအတွက် အင်္ဂလိပ် စကားပြောစာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် ဟိုတယ်ဝန်ထမ်းများအနေဖြင့် မိမိဟိုတယ်သို့ရောက်ရှိလာသော ပြည်ပနိုင်ငံခြားခရီးသွားဧည့်သည်များအား မိမိတို့က အိမ်ရှင်ပီပီ တာဝန်ကျေပွန်စွာဖြင့် ဆက်ဆံဖို့လိုပေသည်။ ထိုအခါ အင်္ဂလိပ်စကားပြောဆိုမှုသည် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်နေသောကြောင့် အဆိုပါစာအုပ်၌ဟိုတယ်တစ်ခုတွင်ရှိရမည့် အခန်းကဏ္ဍအလိုက် ပြောဆိုဆက်ဆံမှုများကို ဘာသာပြန်ဆိုဖော်ပြထားသည့်အပြင် စကားလုံးအကြောင်းအရာများကိုပါ ရှင်းလင်းဖော်ပြထားသောကြောင့် အဆိုပါစာအုပ်ကိုကျွမ်းကျင်စွာလေ့လာထားမည်ဆိုလျှင် ဟိုတယ်ဝန်ထမ်းများသာမက အင်္ဂလိပ်စကားပြောကို စိတ်ပါဝင်စားသည့်လေ့လာလိုက်စားသူများပါ အကျိုးရှိသောစာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ (ပထမထပ်-ဝဲ)၊ ၃၉-လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။**

## မူးယစ်ဆေးစွဲရောဂါကြိုတင်ကာကွယ်ကုသပါ




မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြီးမားစွာရင်ဆိုင်ကြုံတွေ့နေရသည်ကို ကြိုတင်ကာကွယ်နိုင်ရန် ဒေါက်တာမောင်မောင်လွင်ရေးသားသော မူးယစ်ဆေးစွဲရောဂါ ကြိုတင်ကာကွယ်ကုသပါ စာအုပ်ထွက်ရှိလာသည်။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုအရေးကြီးသည်ဆိုသော စကားကြောင့် မူးယစ်ဆေးစွဲရောဂါသည် အခြားရောဂါများထက် အရေးကြီးဆုံးပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်တစ်မျိုးသားလုံးလူညွန့်တုံးစေနိုင်သည့်မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းတိုက်ဖျက်နေသော်လည်း ယခုအခါ လူငယ်များအကြားတွင်မူးယစ်ဆေးဝါးများသုံးဆွဲနေသည်ကို တွေ့မြင်နေရသောကြောင့် အဆိုပါ မူးယစ်ဆေးဝါးများအန္တရာယ်ကို သိရှိနားလည်စေရန် မူးယစ်ဆေးစွဲရောဂါကြိုတင်ကာကွယ်ခြင်း၊ ဆေးစွဲနေလျှင်လည်း စနစ်တကျ ကုသမှုခံယူခြင်းနှင့် ပြန်လည်ထူထောင်မှုပြုလုပ်ပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့ပြီး နိုင်ငံ့တာဝန်များကိုထမ်းဆောင်နိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကိုရန်အောင်စာပေ၊အ-ထ-က(၁)၊ ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ်-H၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၇၉၃၉၈နှင့်၀၉-၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မှတ်ဖွယ်မှတ်ရာ အထွေထွေဗဟုသုတမှတ်စုများ




နိုင်ငံတိုင်းသည်သမိုင်းကြောင်းရှိကြသဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းကို သိရှိထားရန် လိုအပ်သလို မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် မမေ့အပ်သည့် သိထားသင့်သော ဗဟုသုတအကြောင်းအရာများကို သိရှိနိုင်စေရန် စာရေးဆရာ တွယ်တာမျှရေးသားပြုစုသည့် မှတ်ဖွယ်မှတ်ရာ အထွေထွေဗဟုသုတ မှတ်စုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဗဟုသုတဆိုင်ရာအချက်အလက်များသည် ရုံးသူ/ရုံးသားများ၊ ကျောင်းသား ကျောင်းသူများ၊ အလုပ်သမားများနှင့် လူထုလူတန်းစား ပေါင်းစုံတို့အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလို အကျိုးပြုနိုင်သည့်အပြင် လုပ်ငန်းခွင်သို့ဝင်ရောက်မည့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများ၊ အလုပ် အကိုင်အတွက် အင်တာဗျူးဝင်ရောက်ဖြေဆိုသူများအတွက် မရှိမဖြစ်လိုအပ်သော စာအုပ်တစ်အုပ်ဖြစ်သည်။ မိမိ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေးနှင့် အခြား သိသင့်သိထိုက်သည့်အကြောင်းအရာများနှင့် အချက်အလက်များကို သိရှိနိုင်စေရန်ရည်ရွယ်၍ ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။**

## ယဉ်ကျေးလိမ္မာလူ့ကျင့်ဝတ်သင်ခန်းစာ




ကလေးသူငယ်များ လူမှုပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် ယဉ်ကျေးလိမ္မာပြီး အဆင်ပြေစွာ ပြောဆိုဆက်ဆံတတ်စေရန် ရည်ရွယ်၍ နော်ဖြူစာတည်းအဖွဲ့မှစီစဉ်သော ယဉ်ကျေးလိမ္မာ လူ့ကျင့်ဝတ်သင်ခန်းစာ စာအုပ်ထွက်ရှိလာသည်။

ကလေးသူငယ်များသည် ဆရာများ၊ လူကြီး သူမများ၊ မိဘများနှင့် စကားပြောလျှင် ထိုသူကို ကြည့်၍ ရိုသေလေးစားစွာဖြင့် ပြောဆိုရမည်ဖြစ်သည်။ လူကြီးများ၊ ဆရာသမားများကိုနှုတ်ဆက်ရာတွင်လည်း ဦးညွှတ်၍ မင်္ဂလာပါဟုလည်းကောင်း ပြောဆိုနှုတ်ဆက်ခြင်း၊ သူတစ်ပါး စကားပြောလျှင်လည်း ကြားဖြတ်၍ မပြောရ၊ ရိုင်းပျသောစကားလုံးအသုံးအနှုန်းများကို ရှောင်ကြဉ်ခြင်း၊ လူကြီးနှင့်တွေ့ဆုံရန် သွားလျှင်လည်း လက်နှစ်ဖက်ကိုဘေးကပ်ကာ ကိုယ်ကိုညွှတ်ကိုင်း၍ ဦးခေါင်းအနည်းငယ်ညွှတ်ကာ အရိုအသေပြုရကြောင်း အဆိုပါစာအုပ်တွင် ရုပ်ပုံများနှင့်တကွ ရေးသားဖော်ပြထားသောကြောင့် အဆိုပါ စာအုပ်တွင်ပါရှိသော အကြောင်းအရာများကို ကလေးသူငယ်များ လေးစားလိုက်နာနိုင်စေရန် ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို မနော်ဖြူစာပေ၊ အမှတ်-၂၃၅၊ ၃၇-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၄၆၉၈၀ မှတန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## လူငယ်အခွင့်အရေးနှင့် တာဝန်ဝတ္တရား




လူငယ်တိုင်းတွင် လူငယ်အခွင့်အရေးကိုယ်စီရှိကြသည်ကို နော်ဖြူစာတည်းအဖွဲ့မှ စီစဉ်သော လူငယ်အခွင့်အရေးနှင့် တာဝန်ဝတ္တရား စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူငယ်တိုင်းတွင် အသက်ရှင်သန်မှုအခွင့်အရေးများ၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့် အစာအာဟာရ၊ ဆေးဝါးကုသမှု၊ တစ်နည်းအားဖြင့် ပညာရေး၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်နှင့် လူမှုဖွံ့ဖြိုးမှု၊ ကစားခွင့်၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် တွေးခေါ်ခွင့်များရရှိရန်လိုအပ်သည်။ ထိုကဲ့သို့ အခွင့်အရေးများရရှိရန် လိုအပ်သလို လူငယ်များထမ်းဆောင်ရန် ကိုယ်ကျင့်တရားတာဝန်၊ စည်းကမ်းဥပဒေတာဝန်၊ မိသားစုတာဝန်၊ ရပ်ရေးရွာရေးတာဝန်၊ ရိုးရာဓလေ့ထုံးစံယုံကြည်မှုတာဝန် စသည့် လူငယ်များ သိသင့်သိထိုက်သော အကြောင်းအရာများကို စုစည်းထားသည်။

